http://www.dhammadownload.com

ချမ်းမြေ့ဆရာတော်

# လှူကထိန်သင်္ကန်း
# နှင့်
# မင်္ဂလမ်းကိုရှယ်

တရားတော်

## စက်လေးပါး

သင့်တော်လျောက်ပတ်၊ နေရာမြတ်၊ ချဉ်းကပ်နေထိုင်ပါ။

စိတ်ထားဖြူစင်၊ ပညာရှင်၊ အစဉ်မှီဝဲပါ။

သူတော်ကောင်းများ၊ မြတ်တရား၊ နာကြားရှိသေစွာ။

ကိုယ်နှုတ်စိတ်များ၊ ကောင်းအောင်ထား၊ ကြိုးစားကျင့်ကြံပါ။

ဤစက်လေးပါး၊ ပြည့်စုံငြား၊ ကြီးပွားအမှန်ပါ။

စည်းစိမ်ဖွံ့ဖြိုး၊ ချမ်းသာတိုး၊ ကောင်းကျိုးကြွယ်လှပါ။

http://www.dhammadownload.com

## ချမ်းမြေ့ဆရာတော်

# လှူကထိန်သင်္ကန်း

## နှင့်

# မဂ်လမ်းကိုရွယ်

## တရားတော်

http://www.dhammadownload.com

ဘာသာရေး
ခွင့်ပြုချက်အမှတ်
[၅၁/၉၀(၉)]

မျက်နှာဖုံး
ခွင့်ပြုအမှတ်
[၃၀/၉၀(၉)]

မျက်နှာဖုံးရိုက်
မေတ္တာမိုးပုံနှိပ်တိုက်

စတုတ္ထအကြိမ်

၁၉၉၀ ခု
အောက်တိုဘာ

အုပ်ရေ
၅၀၀၀

# ဓမ္မဒါန

ထုတ်ဝေသူ
ဦးအောင်သိန်း
ကင်းလွတ်ခွင့်အမှတ် (၁၈)

ဓမ္မဒေသနာပြန့်ပွါးရေးအဖွဲ့ငယ်
ချမ်းမြေ့ရိပ်သာကျောင်း
၅၅(က) ကမ္ဘာအေးစေတီလမ်း
ရန်ကုန်မြို့
ဖုန်း– ၆၆၁၄၇၉

ပုံနှိပ်သူ– ဒေါ်ခင်စိ (၀၁၄၈၀)
မေတ္တာမိုးပုံနှိပ်တိုက်
အမှတ် ၂၂၊ ဓမ္မဝိဟာရလမ်း၊
ကျောက်မြောင်း၊
ရန်ကုန်

http://www.dhammadownload.com

## များလှအကျိုးတွေ


ဗုဒ္ဓမြတ်စွာ၊ ပွင့်ထွန်းလာ၍၊
သစ္စာလေးအင်၊ ရှစ်မဂ္ဂင်နှင့်၊
သုံးအင်လက္ခဏာ၊ သခ်တာ သခ်တ၊
မြတ်ဓမ္မကို၊ နက်လှဉာဏ်တော်၊
ဟောထုတ်ဖော်၍၊ သူတော်အများ၊
သိရငြား၊ များလှအကျိုးတွေ။

http://www.dhammadownload.com

## ကြိုးစားကြပါစို့

လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၊
များစွာကျိုးရ၊ ချမ်းသာလှသည့်၊
ဗုဒ္ဓမြတ်စွာ၊ သာသနာသည်၊
ရှည်ကြာတည်တံ့၊ ရှည်ခိုင်ခံ့၍၊
ပျံ့နှံ့တိုးပွား၊ ကျင့်သူများလျက်၊
ရကြားချမ်းသာ၊ ချမ်းမြေ့သာအောင်၊
ညီညာတို့များ၊ တာဝန်ထား၊
ကြိုးစားကြပါစို့။

http://www.dhammadownload.com



ချမ်းမြေ့ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

ရန်ကုန်မြို့
မဟာဗောဓိကျောင်း ဘုံကထိန်ပွဲ၌
ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရား
ဟောကြားတော်မူသော

# လှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းကိုရှယ် တရားတော်

## နိဒါန်း

**ဟောကြားသောနေရာ** ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ဘုရားသည် ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ မဟာဗောဓိကျောင်းတိုက်တွင် ကျင်းပခဲ့သော ဒုတိယအကြိမ် ဘုံကထိန်သင်္ကန်း ဆက်ကပ်ပွဲ၌ "လှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းကိုရှယ်" တရားတော်ကို ရန်ကုန်မြို့၊ မန္တလေးအသင်း၏ ပင့်လျှောက်ချက်အရ ၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၂ ရက်၊ (၈၊ ၁၁၊ ၈၀) နေ့တွင် ဟောကြားတော်မူခဲ့ပါသည်။

http://www.dhammadownload.com



**ထူးခြားသော တရားတော်** ကထိန်သင်္ကန်း ဆက်ကပ်ပွဲတိုင်း၌ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ် တရားတော်ကို ကြားနာကြရ သည်သာ များပါ သည်။ ဆရာတော်ဘုရား ဟောကြားတော်မူသော ဤတရားတော်မှာ တမူထူးခြားသည်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ကြားနေကျ နာနေကျ ကထိန်တရားတော် မျိုးမဟုတ်ဘဲ ကထိန်သင်္ကန်း၊ မိုးပေါ်ကျသင်္ကန်း၊ မသိုးသင်္ကန်း စသည့် အခေါ်အဝေါ်များမှစ၍ အများနားလည်လောက်အောင် ရှင်းလင်း ဟောကြားထားရုံမျှမက ကထိန်အလှူနှင့် အခြားသော အလှူတို့၏ ခြားနားပုံ၊ ကထိန်အလှူက အဘယ်ကြောင့် ပို၍ အကျိုးကြီးမားပုံ စသည်တို့ကို သဘာဝကျကျ ရှင်းလင်း ဟောပြထားသောကြောင့်ပင် ဖြစ်ပါသည်။

**မှတ်သားဖွယ်ရာ အချက်များ** ဥတ်သင်္ကန်းဟူသည်မှာ မည်သည့်သင်္ကန်းကိုခေါ်ကြောင်း၊ ကထိန်ကို မည်သူကခင်းကြောင်း၊ ကမ္မဝါစာ၏ အဓိပ္ပါယ်၊ ကထိန်ခင်းထိုက်သူ ရဟန်းတော်၌ ပြည့်စုံရမည့် အင်္ဂါရပ်များ၊ ကထိန် ခင်းပုံ ခင်းနည်း စသည်တို့ကို ရှင်းလင်း ဟောကြားတော်မူပါသည်။

http://www.dhammadownload.com



ကထိန်သင်္ကန်း လှူဒါန်းရခြင်း၏ ထူးခြားချက်များ၊ သံဃိကဒါန ၇ မျိုး၊ သံဃာအား လှူဒါန်းရခြင်း၌ အကျိုးကြီးမားပုံ၊ ဥပါဒါန်အစွဲကင်းသည့် ဒါန၊ ကထိန်ခင်းသည့် ရဟန်းတော်ရရှိသော အာနိသင်များ၊ ကထိန်ခင်းခွင့် ပြုရသည့် အကြောင်းရင်း စသည်တို့ကိုလည်း အသေးစိတ် မှတ်သားကြရ ပါသည်။

**အားကောင်းသည့် စေတနာ** — စေတနာ အားကောင်းသည့် အတွက် ကြီးမားသော အကျိုးကျေးဇူးများ ရရှိနိုင်သည်ကို သဘာဝကျကျ ဟောကြားထားသည့်အပြင်၊ ထပ်ဆင့် အကျိုးများကိုလည်း ရရှိနိုင်ကြောင်း ဖတ်ရှုနိုင်ကြ ပါသည်။

**မှန်ကန်သည့် ဦးတည်ချက်** — ဒါနကုသိုလ် အစရှိသည့် ကုသိုလ်တရားများ အားထုတ် သည့်အခါ ထားရမည့် ဦးတည်ချက်ကိုလည်း ပီပြင်စွာ ညွှန်ပြထားပါသည်။ ဦးတည်ချက်မှန်သဖြင့် လောကီလောကုတ် အကျိုးနှစ်မျိုးလုံး ရရှိသည့် သာဓကေကိုလည်း ထုတ်ပြထားသည်။

http://www.dhammadownload.com



ရည်ရွယ်ချက် စာရှုသူတို့သည် ထူးခြားသည့် ဤတရားတော်ကို ဖတ်ကြား မှတ်သားပြီး "ချမ်းမြေ့စေကြောင်း မဂ္ဂင်လမ်းကြောင်းပေါ်သို့ ကောင်းမွန်စွာ ရောက်ရှိကြစေရန်"ဟူသော ရည်ရွယ်ချက်ကို ကျွန်တော်များ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့က ထားရှိပါသည်။

သို့ဖြစ်ပါ၍ စာရှုသူ သူတော်စင်များသည် ဗုဒ္ဓဒေသနာတော်နှင့်အညီ ဤစာအုပ်၌ ဖော်ပြထားသော ကထိန်နှင့် ပတ်သက်သမျှ သိကောင်းရာရာ အချက်အလက်များကို သေချာစွာ မှန်မှန်ကန်ကန် နားလည်သဘောပေါက် ကြပြီးလျှင် ပိုမို၍ အကျိုးများသော ကထိနဒါန= ကထိန် အလှူကို စေတနာထက်သန်စွာ လှူဒါန်းနိုင်ကြ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အထိ ကုသိုလ်တရား ပွါးများနိုင်ကြပါစေရန် ရည်သန်လျက် ဤတရားစာအုပ်ကို ကျွန်တော်များ ပုံနှိပ် ထုတ်ဝေခြင်းဖြစ်ပါသည်။

၁၃၆၄ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
၂၅၊ ၅၊ ၀၂

မဓ္ဗဒေသနာပြန့်ပွားရေး အဖွဲ့ငယ်
ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့

http://www.dhammadownload.com

# လွှူကထိန်သင်္ကန်းနှင့် မဂ်လမ်းကိုရှယ်

## နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ကထိန်** ဒီနေ့ဟာ ဒီ မဟာဗောဓိကျောင်းတိုက်မှာ ပုရိမဝါမှုထတော်မူကြတဲ့ ပုရိမဝါကျွတ်တော်မူကြတဲ့ သံဃာတော်များ ကထိန်ခင်းဖို့ရာ ကထိန်သင်္ကန်း လှူဒါန်းတဲ့နေ့ ဖြစ်တယ်။ ကထိန်ဆိုတာ ကထိန်ခင်းခြင်းကြောင့်ရတဲ့ အကျိုးငါးပါးကို ခိုင်မြဲအောင် ပြုတတ်လို့ ကထိန်ခေါ်ရကြောင်း ကျမ်းဂန်များမှာ ဖွင့်ပြကြပါတယ်။ စင်စစ်တော့ ကထိန်ဆိုတာ မြတ်စွာဘုရားခွင့်ပြု ပညတ်တော်မူထားတဲ့ သံဃကိစ္စ သံဃလုပ်ငန်းတစ်ခုကို ခေါ်ဝေါ်ထားတဲ့ နာမည် ပညတ်တစ်ခုပါပဲ။ နာမည်မှာ အဓိပ္ပာယ်ရှာလို့ အကျိုးသိပ် မများလှပါဘူး။

http://www.dhammadownload.com



**ကထိန်သင်္ကန်း**   ကထိန်ခင်းဖို့ သင်္ကန်းကို **ကထိန်သင်္ကန်း**လို့ ခေါ်ပါတယ်။ **ကထိန်လျာသင်္ကန်း** ဆိုရင်လဲ ဟုတ်ပါတယ်။ ဘုရားဖြစ်မည့် ပုဂ္ဂိုလ်ကို ဘုရားလောင်းလျာခေါ်သလို ကထိန်ခင်းမည့် သင်္ကန်းကို **ကထိန်လျာသင်္ကန်း**လို့ ခေါ်တာပါပဲ။ ပါဠိလို **ကထိနဒုဿ= ကထိနစီဝရ**လို့ ခေါ်ပါတယ်။ ဒီ ကထိန်သင်္ကန်းကို ဒါယကာ တစ်ဦးတည်း မဟုတ်ဘဲ အများစုပေါင်း လှူကြရင်တော့ **ဘုံကထိန်လျာသင်္ကန်း**လို့ ခေါ်ကြရပြန်ပါတယ်။

ဒီနေ့ ဒီ မဟာဗောဓိကျောင်းမှာ လှူဒါန်းတဲ့ ကထိန်သင်္ကန်းဟာ မန္တလေးအသင်းက ဦးဆောင်ပြီး စေတနာရှင်များ စုပေါင်း လှူဒါန်းတာ ဖြစ်လို့ **ဘုံကထိန်လျာသင်္ကန်း**ပါပဲ။

**မိုးပေါ်ကျသင်္ကန်း**   ဒီ ကထိန်သင်္ကန်းဟာ သံဃာတစ်ပါးပါးက နှုတ်မြွက်ပြောဆိုပြီး အလှူခံလို့ လှူတဲ့သင်္ကန်း မဟုတ်ရပါဘူး။ အရိပ်အမြွက်ကလေးတောင်မှ ကထိန်သင်္ကန်းလှူဖို့ မပြောရပါဘူး။ ဒါယကာ ဒါယိကာမများ သူ့အလို အလျောက် သဒ္ဓါတရားပေါက်ပြီး လှူတဲ့သင်္ကန်း ဖြစ်ရပါတယ်။ ဒါကိုပဲ

http://www.dhammadownload.com



**မိုးပေါ်ကျသင်္ကန်း**လို့ ခေါ်ပါတယ်။ သံဃာတစ်ပါးပါးက တစ်နည်းနည်းနဲ့ အလှူခံလို့ လှူဒါန်းတဲ့ သင်္ကန်းနဲ့ ကထိန်ခင်းရင် ကထိန် မပြောက်ပါဘူး။

**မသိုးသင်္ကန်း** ပြီးတော့ သိုးတဲ့သင်္ကန်းနဲ့ ကထိန်ခင်းရင်လဲ ကထိန် မပြောက်ပါဘူး။ သိုးတဲ့သင်္ကန်းဆိုတာ ကထိန်ဒါယကာက ကထိန်သင်္ကန်းကို လှူတဲ့နေ့မှာ ကထိန်မခင်းပဲ နောက်တစ်နေ့မှ ကထိန်ခင်းရင် တစ်ည လွန်သွားတဲ့အတွက် အဲဒီ ကထိန်သင်္ကန်းကို သိုးတဲ့ သင်္ကန်းလို့ ခေါ်ရပါတယ်။ လှူတဲ့နေ့မှာပဲ ကထိန်ခင်းရင် အဲဒီသင်္ကန်းကို **မသိုးသင်္ကန်း**လို့ ခေါ်ရပါတယ်။ မသိုးသင်္ကန်းနဲ့သာ ကထိန်ခင်းရပါတယ်။

**ဥတ်သင်္ကန်း** အဲဒီ ကထိန်သင်္ကန်းဟာ သင်္ကန်းသုံးထည်ထဲက တစ်ထည်ထည် ဖြစ်ရပါတယ်။ နှစ်ထပ်သင်္ကန်းကြီး၊ ကေသိ၊ သို့မဟုတ် သင်းပိုင် တစ်ထည်ထည် ဖြစ်ရပါတယ်။ သုံးထည်လုံးနဲ့ ကထိန်ခင်းရတာ မဟုတ်ပါဘူး။ သုံးထည်ထဲက တစ်ထည်ထည်နဲ့သာ ခင်းရပါတယ်။

http://www.dhammadownload.com



ကထိန်သင်္ကန်းကို ကထိန်ခင်းထိုက်တဲ့ ရဟန်းအား ပေးတဲ့အခါ **ဉတ္တိဒုတိယကမ္မဝါစာ** ဖတ်ပြီး ပေးရတာ ဖြစ်တော့ ကထိန်သင်္ကန်းကို **ဉတ်သင်္ကန်းကြီး** လို့လဲ သာသနာ့ဝေါဟာရ ခေါ်ဝေါ်ကြပါတယ်။ ဉတ်သင်္ကန်းကြီး လို့ ခေါ်ကြတော့ တစ်ချို့က ကထိန်ခင်းတာ နှစ်ထပ်သင်္ကန်းကြီးနဲ့မှ ခင်းလို့ရတယ်လို့ ထင်မှတ်ကြပါတယ်။ ဒီလို မဟုတ်ပါဘူး။ ကေသီနဲ့လဲ ခင်းလို့ရပါတယ်။ သင်းပိုင်နဲ့လဲ ခင်းလို့ရပါတယ်။

ဒါကြောင့် ကေသီတို့၊ နှစ်ထပ်သင်္ကန်းကြီးတို့ မလှူနိုင်တဲ့ ကထိန်ဒါယကာဟာ သင်းပိုင်တစ်ထည် လှူရင်လဲပဲ ကထိန်သင်္ကန်း အလှူမြောက်တော့တာ ပါပဲ။ သင်းပိုင်လဲ ဉတ်သင်္ကန်း ဖြစ်နိုင်ပါတယ်။ ကေသီလဲ ဉတ်သင်္ကန်း ဖြစ်နိုင်ပါတယ်။

**ရှေးက သင်္ကန်းစကို လှူကြသည်**

မြတ်စွာဘုရား လက်ထက်တော်တုန်းက ယခုခေတ်လို ချုပ်ပြီးသား သင်္ကန်းတောင် မလှူကြပါဘူး။ သင်္ကန်းချုပ်ဖို့ ပိတ်စပဲ လှူကြပါတယ်။ အဲဒီ ပိတ်စကိုမှ လျှော်ဖွပ် ချုပ်ဆိုးပြီး ကထိန်ခင်းကြရပါတယ်။ ဒါကြောင့် ကထိန်ခင်းထိုက်တဲ့ ရဟန်းရဲ့ အင်္ဂါထဲမှာ လျှော်ခြင်း၊

http://www.dhammadownload.com



ချုပ်ခြင်း၊ ဆိုးခြင်းစတဲ့ ရှေးဦးပြုဖွယ်= ပုဗ္ဗကရဏများကို နားလည်ရမယ် ဆိုတဲ့အချက် ပါနေတာပါပဲ။ ယခုခေတ်မှာတော့ ချုပ်ပြီးသင်္ကန်းကိုသာ လှူကြတာဖြစ်လို့ ပုဗ္ဗကရဏ ၇ ချက်ထဲက ကပ္ပဗိန္ဒုထိုးတာလောက်ကို နားလည်ရင်ပဲ လုံလောက်ပြီလို့ ဆိုရမှာပါပဲ။

**ဘယ်သူ ကထိန်ခင်းသလဲ**

"ကျွန်တော်တို့ (ကျွန်မတို့) ဒီနှစ် ဘယ်ကျောင်းမှာ ကထိန်ခင်းကြမယ်"လို့ ဒကာ ဒကာမတွေ ပြောလေ့ရှိကြပါတယ်။ ဒါပေမယ့် ဒကာ ဒကာမတွေဟာ သံဃာမဟုတ်လို့ ကထိန် မခင်းနိုင် ကြပါဘူး။ ကထိန်ခင်းဖို့ သင်္ကန်းလှူရုံပဲ လှူနိုင်ကြပါတယ်။ သံဃာကသာ ကထိန်ခင်းနိုင်ပါတယ်။

ကထိန်သင်္ကန်း လှူဒါန်းသူက သံဃာကို လှူဒါန်းရပါတယ်။ သံဃာတော်ထဲက မိမိကြည်ညိုရာ တစ်ပါးပါးကို ဖြစ်စေ၊ ဆရာတော်ကိုဖြစ်စေ ရွေးချယ်အာရုံပြုပြီး ပုဂ္ဂိုလ်ကို ရည်ရွယ် မလှူရပါဘူး။ ပုဂ္ဂိုလ်ကို ရည်ရွယ်ပြီး လှူတဲ့ ပုဂ္ဂလိကသင်္ကန်းနှင့် ကထိန် မခင်းရပါဘူး။ သံဃာကို ရည်ရွယ်ပြီးလှူတဲ့ သံဃိကသင်္ကန်းနဲ့သာ ကထိန် ခင်းရပါတယ်။ သံဃာကမှ

http://www.dhammadownload.com



အဲဒီသက်န်းနဲ့ ကထိန်ခင်းဖို့ရာ ကထိန်ခင်းထိုက်တဲ့ ရဟန်းတော် တစ်ပါးပါးကို ရွေးချယ်ပြီး အဲဒီ ကထိန် သင်္ကန်းကို ပေးရပါတယ်။ ဒီလို ရဟန်းအား သင်္ကန်း ပေးတဲ့အခါ သိမ်ထဲမှာ သံဃာအညီအညွတ် စည်းဝေး ပြီး **ဉတ္တိဒုတိယကမ္မဝါစာ** ရွတ်ဖတ်ပြီး ပေးရပါတယ်။

**ကမ္မဝါစာဆိုတာ** **ဉတ္တိဒုတိယကမ္မဝါစာ** ဆိုတာ ဉတ် တစ်ကြိမ်၊ ကမ္မဝါစာ တစ်ကြိမ် ရွတ်ဖတ်တာကို ဆိုလိုပါတယ်။ **ဉတ်ဆိုတာက** "သံဃာတော်ဟာ ယခုသံဃာ့ကိစ္စကို ပြုကြပါမယ်"လို့ ကြေညာတဲ့ ကြေညာချက်ပါပဲ။ **ကမ္မဝါစာဆိုတာကတော့** အဆိုပြု တင်ပြချက်နဲ့ အတည်ပြုချက်ပါပဲ။ "သံဃာက ဒီကိစ္စ ဒီကံကို ဒီလိုပြုလုပ်ကြပါတယ်။ သဘောတူကြ ပါသလား။ သဘောမတူလျှင် ပြောတော်မူကြပါ။ သဘောတူလျှင် ဆိတ်ဆိတ် နေတော်မူကြပါ"လို့ အဆိုပြုရ တင်ပြရပါတယ်။ သံဃာတော်များထဲက မည်သူမျှ တစ်စုံတစ်ရာ မပြောဆိုဘဲ ဆိတ်ဆိတ်နေကြ လျှင် အဲဒီ သံဃာ့ကိစ္စ သံဃာ့ကံကို အားလုံး သဘောတူတယ်လို့ ယူဆရပါတယ်။ ဒီတော့မှ ဒီကံ ဒီကိစ္စ အတည်ဖြစ်ကြောင်း သိစေရပါတယ်။ အဲဒါဟာ ကမ္မဝါစာရဲ့ သဘောပါပဲ။

http://www.dhammadownload.com



အဲဒီလို ကထိန်ခင်းထိုက်တဲ့ ရဟန်းအား **ဉတ္တိဒုတိယကမ္မဝါစာ**ဖတ်ပြီး ကထိန်သင်္ကန်း ပေးပြီးတဲ့နောက် ဒီရဟန်းတော်က ကထိန်ခင်းရပါတယ်။

ဒီနေရာမှာ **ကထိနတ္ထာရာရဟာ=ကထိန် ခင်းထိုက်တဲ့ ရဟန်း**ဆိုတာကို အနည်းငယ် သိထားရရင် ကောင်းပါတယ်။ ရဟန်းတော်တိုင်း ကထိန်ခင်းထိုက်တာ မဟုတ်ပါဘူး။ ကထိန် ခင်းထိုက်တဲ့ရဟန်း၊ ကထိန် မခင်းထိုက်တဲ့ ရဟန်းလို့ နှစ်မျိုးရှိပါတယ်။

**ကထိန်ခင်းထိုက်တဲ့ ရဟန်း** ကထိန် ခင်းထိုက်တဲ့ ရဟန်းမှာ ပြည့်စုံရတဲ့ အင်္ဂါက (၁)ကထိန်ခင်းရာကျောင်းမှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မယ် ပုရိမဝါဆိုပြီး ဝါမကျိုး ဝါမပြတ်ဘဲ သီတင်းကျွတ်လပြည့်နေ့မှာ ပုရိမဝါ ကျွတ်ရခြင်း အင်္ဂါ တစ်ပါး၊ (၂) ကထိန်ခင်းခြင်းနှင့် ပတ်သက်တဲ့ အရေးကြီးတဲ့ အချက်အလက်များကို သိနားလည်ရခြင်း အင်္ဂါတစ်ပါး၊ ဒီနှစ်ပါးပါပဲ။

အဲဒီ အင်္ဂါနှစ်ပါးအနက်က နံပါတ်တစ် အင်္ဂါနဲ့ ပတ်သက်လို့ နည်းနည်း ရှင်းရရင်တော့ ရဟန်းတော်များ

http://www.dhammadownload.com



ဟာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ဝါဆိုရင် **ပထမဝါ၊ သို့မဟုတ် ပုရိမဝါ**ဆိုတယ်လို့ ခေါ်ပါတယ်။ ဒီရဟန်းတော်ဟာ သီတင်းကျွတ်လပြည့်နေ့မှာ ဝါကျွတ်ပါတယ်။ ဒီရဟန်းတော်ကို **ပုရိမဝါကျွတ်တဲ့ရဟန်း**လို့ ခေါ်ပါတယ်။

ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့ကျမှ ဝါဆိုရင်တော့ **ဒုတိယဝါ၊** သို့မဟုတ် **ပစ္ဆိမဝါ**ဆိုတယ်လို့ ခေါ်ပါတယ်။ တန်ဆောင်မုန်း လပြည့်နေ့ကျမှ ဝါကျွတ်ပါတယ်။ ဒီရဟန်းတော်ကို **ပစ္ဆိမဝါကျွတ်တဲ့ ရဟန်း**လို့ ဆိုရပါတယ်။

အဲဒီ ရဟန်းနှစ်မျိုးအနက်က ပုရိမဝါကျွတ်တဲ့ ရဟန်းသာလျှင် ကထိန်ခင်းထိုက်တဲ့ရဟန်း ဖြစ်ပါတယ်။ ပစ္ဆိမဝါကျွတ်တဲ့ ရဟန်းဟာ ကထိန်ခင်းထိုက်တဲ့ရဟန်း မဟုတ်ပါဘူး။ ပုရိမဝါပင်ဆိုသော်လဲ ဝါတွင်းမှာ မိမိဝါဆိုရာ ကျောင်းမှ ၇ ရက်လွန်အောင် ထွက်ခွါနေလို့ ဝါကျိုး ဝါပြတ်တဲ့ ရဟန်းလဲ ကထိန်ခင်းထိုက်တဲ့ရဟန်း မဟုတ် ပါဘူး။

နံပါတ်နှစ် အင်္ဂါအရ ကထိန်ခင်းတဲ့ ရဟန်းဟာ ကထိန်နဲ့ ပတ်သက်လို့ ကထိန်လျှာ သင်္ကန်းစကို လျှော်ခြင်း၊ အခန်းစီစဉ်ခြင်း၊ ဖြတ်ခြင်း၊ တည်းအပ်နှင့်

http://www.dhammadownload.com



ဖွဲ့တွယ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ ကပ္ပဗိန္ဒုထိုးခြင်းဆိုတဲ့ **ရှေးဦးပြုဖွယ် (ပုဗ္ဗကရဏ) ခုနစ်ပါး**ကို နားလည် ရပါတယ်။ သင်္ကန်း ပဋ္ဌဒြိုရ်ပြုပုံ၊ သင်္ကန်း အဓိဋ္ဌာန်တင်ပုံ၊ ကထိန်ခင်းပုံ၊ ကထိန်နုတ်ခြင်း ရှစ်မျိုး၊ ပလိဗောဓနှစ်မျိုး၊ ကထိန်ပျက်ပြယ်ပုံ နဲ့ ကထိန်ရဲ့ အကျိုးအာနိသင်တို့ကိုလဲ နားလည်ရပါတယ်။

အဲဒီ အင်္ဂါတွေနဲ့လဲပြည့်စုံ၊ သင်္ကန်းလဲ နွမ်းပါးတဲ့ ရဟန်းကို သံဃာက ရွေးချယ်ပြီး ကထိန်သင်္ကန်း ပေးရပါတယ်။ သင်္ကန်းနွမ်းပါးတဲ့ ရဟန်းတွေ များနေရင် အကြီးဆုံးမထေရ်ကို ပေးရပါတယ်။ သံဃာအားလုံး သင်္ကန်း ပြည့်စုံနေကြယင် ဒီကျောင်းတိုက်ထဲက အကြီးဆုံး မထေရ်ကို ပေးရပါတယ်။

ကထိန်သင်္ကန်း ပေးတာကတော့ ကမ္မဝါစာ ဖတ်ပြီး ပေးရတာဖြစ်လို့ သိမ်ထဲမှာပဲ ပေးရပါတယ်။ ခင်းတာက တော့ ဒီကျောင်းတိုက်ထဲမှာ ဘယ်နေရာမဆို ခင်းနိုင်ပါတယ်။

http://www.dhammadownload.com



ကထိန်ခင်းပုံ ကထိန်နဲ့ပတ်သက်လို့ ကထိန်ခင်းပုံ အစီအစဉ်ကို ဝိနည်းကျမ်းဂန်များမှာ သေသေချာချာ ဖော်ပြထားပါတယ်။

၁။ ရှေးဦးစွာ ကထိန်ဒကာများလှူတဲ့ ကထိန်သင်္ကန်းကို သံဃာက ခံယူရပါတယ်။

၂။ သံဃာက ကထိနတ္ထာရာရဟာ=ကထိန် ခင်းထိုက်တဲ့ ရဟန်းကို ရွေးချယ်ရပါတယ်။

၃။ ရွေးချယ်ပြီးတော့ အဲဒီရဟန်းကို သံဃာက သိမ်ထဲမှာ ဉတ္တိဒုတိယကမ္မဝါစာဖတ်ပြီး ကထိန်သင်္ကန်း ပေးရပါတယ်။

၄။ ကထိန်သင်္ကန်း ရပြီးတဲ့အခါ အဲဒီရဟန်းက မိမိမှာ မူလက တိစီဝရိတ် အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းကို အဓိဋ္ဌာန်ချရ အဓိဋ္ဌာန်ကို ရုပ်သိမ်းရပါတယ်။အဓိဋ္ဌာန် စွန့်တယ်လို့လဲ ခေါ်ပါတယ်။ ဝိနည်းစကားအရ ပစ္စုဒ္ဒိရ်ပြုတယ်လို့လဲ သုံးနှုန်းပါတယ်။

ဒုကုဋ်သင်္ကန်းကြီးနဲ့ ကထိန်ခင်းမှာဖြစ်ရင် ဒုကုဋ် သင်္ကန်းကြီးအဟောင်းကို အဓိဋ္ဌာန်ချ၊ ကောသိနဲ့ ခင်းမှာဖြစ်ရင် ကောသိသင်္ကန်း

http://www.dhammadownload.com



အဟောင်းကို အဓိဋ္ဌာန်ချ၊ သင်းပိုင်နဲ့ခင်းမှာဖြစ်ရင် သင်းပိုင် အဟောင်းကို အဓိဋ္ဌာန်ချရပါတယ်။

၅။ သင်္ကန်းအဟောင်းကို အဓိဋ္ဌာန်ချ၊ ပစ္စုဒ္ဓိရုဏ်ပြုပြီးတဲ့ အခါမှာ ကထိန်ခင်းမည့် သင်္ကန်းအသစ်ကို ကပ္ပဗိန္ဒုထိုးရပါတယ်။ ကပ္ပဗိန္ဒုဆိုတာ သင်္ကန်းထောင့်မှာ အညိုရောင်ဖြစ်စေ၊ ရွှံ့ရောင်ဖြစ်စေ၊ အနက်ရောင် ဖြစ်စေ၊ အစက်အပျောက်ကလေး တစ်ခု ထိုးရ ရေးရပါတယ်။ တစ်ချို့ သုံးခု ထိုးတတ်ကြပါတယ်။ သုံးခု မလိုပါဘူး၊ တစ်ခုပဲ ထိုးရပါတယ်။

၆။ ကပ္ပဗိန္ဒု ထိုးပြီးတော့ အဲဒီသင်္ကန်းအသစ်ကို ဒုကုဋ် သင်္ကန်းကြီးဖြစ်ရင် "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"၊ ကေသီဖြစ်ရင် "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"၊ သင်းပိုင်ဖြစ်ရင် "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"လို့ သုံးကြိမ်ဆိုပြီး အဓိဋ္ဌာန် တင်ရပါတယ်။

၇။ အဓိဋ္ဌာန်တင်ပြီးမှ အဲဒီ အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းနဲ့ ကထိန်ခင်းရပါတယ်။

ကထိန်ခင်းတဲ့ ရဟန်းက ဒုကုဋ်သင်္ကန်းကြီးနဲ့ ခင်းရင် "ဣမာယ သံဃာဋိယာ ကထိနံအတ္ထရာမိ=

http://www.dhammadownload.com



ဤ ဒုကုဋ်သင်္ကန်းကြီးဖြင့် ကထိန်ခင်းပါ၏”လို့ ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ ဆိုပြီး သံဃာ့ အလယ်မှာ ခင်းရပါတယ်။ ကေသီနဲ့ခင်းရင် “ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ=ဤ ကေသီဖြင့် ကထိန်ခင်းပါ၏၊” သင်းပိုင်နဲ့ခင်းရင် “ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ= ဤ သင်းပိုင်ဖြင့် ကထိန်ခင်းပါ၏”လို့ ဆိုပြီး ခင်းရပါတယ်။ ဒါဟာ ကထိန်ခင်းတာပါပဲ။

ရှေ့အချက် ခြောက်ချက်ကတော့ ကထိန်မခင်းမီ ပြုလုပ်ရတဲ့ ကထိန်ရဲ့ ပရိကမ် အခြံအရံတွေပါပဲ။

၈။ ကထိန် ခင်းပြီးလျှင် တစ်ခြားရဟန်းများက ဝမ်းမြောက်စကား ပြောကြားရပါတယ်။ ဒါကို ပါဠိလို အနုမောဒနာ ပြုတယ်လို့ ခေါ်ပါတယ်။

သံဃာ ရွေးချယ်ထားတဲ့ ရဟန်းက အဲဒီလို ကထိန် ခင်းပြီးတဲ့အခါ “အတ္ထတံ ဘန္တေ (အာဝုသော) သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ”လို့ အနုမောဒနာ ပြုဖို့ လျှောက်ထားရ ပါတယ်။ အစိပ္ပာယ်က “အရှင်မြတ်တို့ဘုရား၊ ယခုအခါ သံဃာတော်

http://www.dhammadownload.com



သည် ကထိန်ခင်းပြီးပါပြီ၊ ယခုခင်းသော ကထိန်သည် တရားနှင့် လျော်ညီသည် ဖြစ်၍ ဝမ်းမြောက်တော်မူကြပါဘုရား”လို့ ဆိုလိုပါတယ်။ ဒီတော့မှ သံဃာတော်များက “အတ္ထတံ ဘန္တေ (အာဝုသော) သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမိ”လို့ ဝမ်းမြောက်ကြောင်း တစ်ပါးစီ လျှောက်ထား ပြောကြားရပါတယ်။ အဲဒီလို လျှောက်ထား ပြောကြားလိုက်တော့ ရွေးချယ်ထားတဲ့ ရဟန်း ခင်းတဲ့ကထိန်ဟာ သံဃာခင်းတဲ့ ကထိန် ဖြစ်သွားပြီး ဝမ်းမြောက်စကား ပြောကြားတဲ့ သံဃာအားလုံး ကထိန်ရဲ့ အကျိုးအာနိသင် ငါးပါးကို ခံစားရပါတယ်။

သို့သော်လဲ (၁) ဝမ်းမြောက်ကြောင်းကို လုံးဝ မပြောကြားတဲ့ ရဟန်း၊ (၂) သံဃာ နားလည်လောက်အောင် မပြောကြားတဲ့ ရဟန်း၊ (၃) ဥပစာရသိမ်လို့ ခေါ်တဲ့ ကျောင်းဝင်းရဲ့ ပြင်ပမှာနေပြီး ပြောကြားတဲ့ ရဟန်း၊ အဲဒီရဟန်းတွေဟာ ကထိန်ခင်းရာ မရောက်ပါဘူး။ ဒါကြောင့် သူတို့ ကထိန်ရဲ့ အကျိုးအာနိသင် ငါးပါးကို ခံစားခွင့် မရှိပါဘူး။

http://www.dhammadownload.com



အခုပြောခဲ့တဲ့ အစီအစဉ်ကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက မှတ်လွယ်အောင် "ခံ ရွေး ပေးနှင်း၊ စွန့် ထိုးခြင်း၊ တင် ခင်း နမောဒါ"လို့ ဆောင်ပုဒ် လုပ်ထားတော်မူခဲ့ပါတယ်။ "ကထိန်နှင့်စပ်၊ ဤရှစ်ရပ်၊ မြဲမှတ်သေချာစွာ"လို့ ဖြည့်စွက်လိုက်ရင် ပိုပြည့်စုံသွားပါတယ်။

**သံဃာခင်းတဲ့ ကထိန်** ယခုပြောခဲ့တဲ့အတိုင်း သံဃာက ရွေးချယ်ထားတဲ့ ပုဂ္ဂိုလ် တစ်ပါးပါး ကထိန်ခင်းတာကို သံဃာက ဝမ်းမြောက်စကား ပြောကြားတော့ သံဃာကထိန်ခင်းပြီး ဖြစ်သွားပါတယ်။ ဒါကြောင့် သံဃာက ကထိန်ခင်းတယ်လို့ ဆိုရပါတယ်။

သံဃာကထိန်ခင်းနိုင်အောင် ကထိန်ဒါယကာများက သင်္ကန်းလှူဒါန်းတာဖြစ်တော့ ဒါယကာ ကထိန်ခင်းတယ်လို့လဲ ပရိယာယ်အားဖြင့်တော့ ဆိုနိုင်ပါတယ်။ ဒါကြောင့်လဲ "ကျွန်တော်(ကျွန်မ)တို့ ဒီနှစ် ဘယ်ကျောင်းမှာ ကထိန်ခင်းကြမယ်"လို့ ပြောတဲ့ စကားဟာ တစ်နည်းအားဖြင့် သင့်လျော်တယ်လို့ ဆိုရမှာပါပဲ။

http://www.dhammadownload.com



ထူးခြားတဲ့ အလှူ ကျောင်းတိုက် တစ်တိုက်တစ်တိုက်
မှာ တစ်နှစ်မှာ တစ်ကြိမ်သာ
ကထိန် ခင်းရတာ ဖြစ်တဲ့အတွက် ကထိန်ခင်းမှုဆိုတဲ့ ကုသိုလ်ကို ယူချင်တဲ့ ပုဂ္ဂိုလ်တွေ အမြောက်အမြား ရှိကြပါတယ်။ တစ်နှစ်မှ တစ်ခါသာ ကြုံတောင့်ကြုံခဲ ပြုစုဆည်းပူးရတဲ့ ကုသိုလ်ထူးဆိုတော့ အားလုံးက ဒီကုသိုလ်ကို ယူချင်ကြတယ်။ အမြတ်တနိုး ထားကြတယ်။ အဲဒီလို အမြတ်တနိုး ထားကြတဲ့အတိုင်းပဲ ကထိန်အလှူက ထူးလဲထူးခြားပါတယ်။ ကထိန်အလှူ ဟာ တစ်ခြား အလှူတွေထက် ထူးခြားတာက အချက် နှစ်ချက်ကြောင့်ပါပဲ။

၁။ နံပါတ်တစ် အချက်ကတော့ ကထိန်သင်္ကန်း လှူဒါန်းတဲ့အခါမှာ ပုဂ္ဂိုလ်တစ်ပါးပါးကို မလှူရဘဲ သံဃာကို လှူရပါတယ်။ ဒါဟာ ထူးခြားချက် တစ်ခုပါပဲ။

၂။ နံပါတ်နှစ် အချက်ကတော့ လှူဒါန်းတဲ့ ကထိန်သင်္ကန်းနဲ့ သံဃာက ကထိန်ခင်းပြီးတဲ့အခါမှာ ကထိန်ခင်းတဲ့ သံဃာဟာ ဝိနည်းသိက္ခာပုဒ် အချို့မှ တစ်စုံတစ်ရာသော အချိန်ကာလ အပိုင်းအခြားအတွင်း မှာ ကင်းလွတ်ခွင့် ရပါတယ်။ ဝိနည်းသိက္ခာပုဒ် အချို့ကို

http://www.dhammadownload.com



လျှော့ပေးလိုက်တဲ့ သဘောပါပဲ။ ကထိန်ခင်းခြင်းကြောင့် ရတဲ့ အကျိုးငါးပါးကို နှစ်စဉ် ကြားနာနေရတာဆိုတော့ ဒကာ ဒကာမများ ဒါကို သိနေကြပါပြီ။

မြတ်စွာဘုရား ပညတ်ထားတော်မူခဲ့တဲ့ ဝိနည်း စည်းမျဉ်း ဥပဒေတွေကို ဘယ်လို ပုဂ္ဂိုလ်ကမှ လျှော့လို့လဲမရ၊ ထည့်လို့လဲမရ၊ ပြင်လို့လဲမရပါဘူး။ ဘယ်လို ဒါနကုသိုလ်၊ ဘယ်လို သီလကုသိုလ်၊ ဘယ်လို ဘာဝနာကုသိုလ်ကမှ ဝိနည်းသိက္ခာပုဒ်တွေကို လျှော့လို့မရ၊ ထည့်လို့မရ၊ ပြင်လို့လဲ မရပါဘူး။

ဒီ ကထိန်သင်္ကန်း လှူဒါန်းတဲ့ ကုသိုလ်သည်သာ လျှင် ဝိနည်းသိက္ခာပုဒ် အချို့ကို လျှော့လို့ရ၊ တစ်စုံတစ်ရာ သော ကာလအတွင်းမှာ ဆိုင်းထားလို့ရတဲ့ ကုသိုလ် ဖြစ်ပါတယ်။ ဒီလို ဝိနည်းသိက္ခာပုဒ်ကို လျှော့ပေးလို့ရ၊ ကင်းလွတ်ခွင့် ပေးလို့ရတဲ့ ကုသိုလ်ဖြစ်တဲ့အတွက် ဒါလဲပဲ ဒီကထိန်အလှူမှာ ထူးခြားချက် တစ်ချက်ပါပဲ။

**ပထမ ထူးခြားချက်** အဲဒီလို နှစ်ချက်ရှိတဲ့အနက်က နံပါတ်တစ် အချက်ဖြစ်တဲ့ သံဃာကို လှူဒါန်းတာဖြစ်လို့ ကထိန်ဒါနဟာ ထူးခြားတယ်

http://www.dhammadownload.com



ဆိုတာ သံဃာလှူလို့ အကျိုးများတဲ့အတွက် ထူးခြားတယ်လို့ ပြောတာပါ။

ကထိန်သင်္ကန်းကို ပုဂ္ဂိုလ်တစ်ပါးပါးကို ရည်စူးပြီး လှူရင် အဲဒီသင်္ကန်းနဲ့ ကထိန်ခင်းလို့ ကထိန် မမြောက်ပါဘူး။ ဒါကြောင့် ပုဂ္ဂိုလ်တစ်ပါးပါးကို လှူလို့ မရပါဘူး။ "သံဃာအား လှူပါ၏"လို့ သံဃာကို ရည်စူးပြီး လှူမှသာလျှင် ကထိန်သင်္ကန်းဟာ ကထိန်ခင်းမှုကိုပြီးမြောက်စေပါတယ်။ ဒါကြောင့် ကထိန်မြောက်လိုတယ်၊ ထ မြောက် အောင်မြင်တဲ့ ကထိန်ကို ခင်းလိုတယ် ဆိုရင် ဒကာ၊ ဒကာမတွေဟာ သင်္ကန်းကို သံဃာအား လှူရပါတယ်။ ပုဂ္ဂိုလ်အား မလှူရပါဘူး။

ပုဂ္ဂိုလ်အားလှူတဲ့ ပုဂ္ဂလိကအလှူနဲ့ သံဃာအား လှူတဲ့ သံဃိကအလှူ နှစ်ခုအနက် သံဃာအားလှူတဲ့ အလှူက ပိုပြီးတော့ အကျိုးကြီးမားတယ်ဆိုတာ အကြိမ်ကြိမ် အဖန်ဖန် ကြားဖူးနေကြတာဖြစ်တော့ ဒကာ ဒကာမများ နားလည်ပြီးသားပါပဲ။

မြတ်စွာဘုရားက ဘယ်နေရာမဆို သံဃာကို ရှေ့တန်းက အမြဲတမ်း ဦးစားပေးလေ့ရှိပါတယ်။ ပုဂ္ဂိုလ်ကို ဦးစားပေးလေ့ မရှိပါဘူး။ ဒါကြောင့် သံဃာ့ကံတွေ ဆောင်ရွက်ရာမှာလဲ သံဃာအားလုံး

http://www.dhammadownload.com



သဘောတူညီမှုသာလျှင် ကံဟာ အောင်မြင် ထမြောက်စေရမယ်လို့ မြတ်စွာဘုရား ပညတ်ထားပါတယ်။ သံဃာ့ဆန္ဒကို မြတ်စွာဘုရား အမြဲတမ်း လေးစားပါတယ်။ တပည့် သာဝကများ သံဃာ့ဆန္ဒကို လေးစားအောင်လဲပဲ သိက္ခာပုဒ်တွေ ပညတ် ပေးထားပါတယ်။

**သံဃိကဒါန ၇ မျိုး** သံဃိကဒါန (၇)မျိုးကို ဒက္ခိဏာဝိဘင်္ဂသုတ် မှာ မြတ်စွာဘုရား ဟောတော်မူခဲ့ပါတယ်။ အဲဒီ သံဃိကဒါန (၇) မျိုးကတော့

၁။ ဘုရားအမှူးရှိတဲ့ ဥဘတောသံဃာ ခေါ်တဲ့ ဘိက္ခု၊ ဘိက္ခုနီ သံဃာကို လှူတာက တစ်မျိုး၊

၂။ မြတ်စွာဘုရား မပါဘဲ ဥဘတောသံဃာလို့ခေါ်တဲ့ ဘိက္ခု၊ ဘိက္ခုနီ သံဃာအား လှူတာက တစ်မျိုး၊

၃။ ဥဘတောသံဃာထဲမှ ဘိက္ခုမည်မျှ၊ ဘိက္ခုနီ မည်မျှလို့ အရေအတွက် သတ်မှတ်ပြီး လှူတာက တစ်မျိုး။

၄။ ဘိက္ခုသံဃာသက်သက်အား လှူတာက တစ်မျိုး။

http://www.dhammadownload.com



၅။ ဘိက္ခုနီသံဃာသက်သက်အား လှူတာက တစ်မျိုး။

၆။ ဘိက္ခုသံဃာအားလုံး မဟုတ်ဘဲ ဘိက္ခုသံဃာထဲက သံဃာညွှန်ကြားတဲ့ သံဃာအချို့အား လှူဒါန်းတာက တစ်မျိုး။

၇။ ဘိက္ခုနီသံဃာအားလုံး မဟုတ်ဘဲ ဘိက္ခုနီသံဃာထဲက သံဃာညွှန်ကြားတဲ့ သံဃာအချို့အား လှူတာက တစ်မျိုး၊ အဲဒီလို သံဃိကဒါန (၇)မျိုး ရှိပါတယ်။

ဒီသံဃိကဒါနဟာ ပုဂ္ဂလိကဒါနထက် အကျိုးအဆမတန် ကြီးမားတယ်ဆိုတာလဲ **ဒက္ခိဏာဝိဘင်္ဂသုတ်** ဒေသနာတော်မှာပဲ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

"တပည့် အာနန္ဒာ၊ နောင်ကာလကြာတဲ့အခါ ရဟန်းရယ်လို့ ရဟန်းအစစ်အမှန် မရှိတော့ဘဲ ရဟန်းအမည်ရရုံမျှ အမည်ခံပြီး သင်္ကန်းစကလေးကို လက်မှာဖြစ်စေ၊ လည်ပင်းမှာဖြစ်စေ ချည်ပြီးတော့ လှည့်လည်နေကြလိမ့်မယ်။ အိမ်ထောင်သားမွေးလဲ ပြုကြလိမ့်မယ်။ အဲဒီလိုအခါမှာ သီလစင်ကြယ်တဲ့ပုဂ္ဂိုလ်၊ သီလရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ မရှိတော့ဘူး။ အဲဒီလို အိမ်ထောင်

http://www.dhammadownload.com



သားမွေးပြီးတော့ လက်မှာ သင်္ကန်းစချည်၊ လည်ပင်းမှာ သင်္ကန်းစကလေး ချည်ထားတဲ့ ဒီ သီလမဲ့တဲ့ ဒုဿီလ ပုဂ္ဂိုလ်တွေကိုပဲ သံဃာအမှတ်နဲ့ ကိုးကွယ်ရသည်အထိ သာသနာ လျှောကျတဲ့ အခြေအနေ ရောက်လိမ့်မယ်။ အဲဒီအခါမှာ သံဃိကဒါန လှူလိုတဲ့သူများဟာ သင်္ကန်းစ ကလေး ချည်ထားတဲ့ အဲဒီပုဂ္ဂိုလ်တွေကိုပဲ 'သံဃာအား လှူပါ၏'လို့ သံဃာကို ရည်စူးပြီး အလှူဒါန ပြုကြရ လိမ့်မယ်။ အဲဒီအခါမှာလဲပဲ သံဃာကို ရည်စူးတဲ့ သံဃိကဒါနဟာ အတိုင်းမသိ ကြီးမားတဲ့အကျိုးကို ပေးတာပဲ အာနန္ဒာ"။

ဒီသဘောကို မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့ ပါတယ်။

**သံဃာအား လှူတယ်ဆိုတာ** သံဃာအား လှူပါ၏ဆိုတာ အဲဒီ ဒါယကာ ဒါယိကာမတွေရဲ့ ရှေ့မှာ တွေ့နေရတဲ့ အဲဒီ ဒုဿီလ ပုဂ္ဂိုလ်တွေကို ဆိုလိုတာ မဟုတ်ပါဘူး။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကဿပ တို့ကစပြီး တော့ ရှင်တော်မြတ်ဘုရားရဲ့ သာသနာတစ်လျှောက်လုံး

http://www.dhammadownload.com



အဆက်ဆက် တည်ရှိလာတဲ့ သံဃာတော် အရှင်မြတ်များ အပေါင်းအား လှူဒါန်းပါ၏လို့ ရည်စူးပြီးတော့ သံဃာအား လှူတာကို ဆိုလိုပါတယ်။

အဲဒီလို သာသနာတော် ဆုတ်ယုတ် ကျဆင်းသွားတဲ့ အချိန်မှာ သံဃာကို ရည်စူးပြီး အဲဒီလို ဒုဿီလပုဂ္ဂိုလ်တွေကို လှူတဲ့ သံဃိကဒါနသည်ပင်လျှင် ပုဂ္ဂိုလ်တစ်ပါးပါးအား လှူတဲ့ ပုဂ္ဂလိက ဒါနထက် အကျိုးကြီးမားကြောင်း မြတ်စွာဘုရား မိန့်တော်မူပါတယ်။ အဲဒီလို လှူတဲ့ သံဃိက ဒါနဟာ ပုဂ္ဂိုလ် တစ်ပါးအနေနဲ့ အရိယာတစ်ပါးပါးကို၊ ရဟန္တာ တစ်ပါးပါးကို လှူတဲ့ ဒါနထက် ပိုပြီး အကျိုးကြီးမား ကြောင်း အဲဒီ ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့်အဋ္ဌကထာမှာ ထပ်ဆင့်ပြီး ရှင်းပြထားပါတယ်။

ဒီတော့ ဘာကြောင့် ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်ကို ပုဂ္ဂလိကအနေနဲ့ လှူဒါန်းတဲ့ ဒါနထက်တောင်မှပဲ သီလမဲ့တဲ့ ဒုဿီလ ပုဂ္ဂိုလ်တွေကို သံဃာအား လှူပါ၏ လို့ ရည်စူးပြီးတော့ လှူတဲ့ သံဃိကဒါနက အကျိုး ကြီးမားရသလဲ။ နည်းနည်းလေး စဉ်းစားကြည့်ရင် သိပါတယ်။

http://www.dhammadownload.com



ဥပါဒါန် အစွဲလေးမျိုး မြတ်စွာဘုရားရဲ့ သာသနာတော်မှာ မြတ်စွာဘုရား ဆုံးမခဲ့တာက ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ခေါ်တဲ့ ဥပါဒါန် အစွဲတရားများဟာ ပုဂ္ဂိုလ်တစ်ဦးဦးကို အပါယ်လားစေတယ်၊ သံသရာ ရှည်စေတယ်၊ အဲဒီဥပါဒါန် တရားတွေကို အသိမှန် အမြင်မှန်နဲ့ ပါယ်သတ်နိုင်ရင် အစွဲအလမ်းကင်းလို့ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ကို ရောက်နိုင်ကြောင်း ရှင်တော်မြတ်ဘုရားရဲ့ ဒေသနာတော်များမှာ ပါပါတယ်။

ကာမုပါဒါန်ဆိုတာက ကာမဂုဏ်အာရုံတွေကို စွဲလမ်းမှုပဲ။ အဆင်းကောင်းကောင်း၊ အသံကောင်းကောင်း၊ အနံ့ကောင်းကောင်း၊ အရသာကောင်းကောင်း၊ တွေထိစရာ ကောင်းကောင်းတွေကို တဏှာနဲ့ သာယာတပ်မက်ပြီး စွဲလမ်းတယ်။

"ဒါနကြောင့် အကျိုးမရ၊ ကံ ကံ၏အကျိုး မရှိ၊ တမလွန်ဘဝ မရှိ" စသည်ဖြင့် အသိအမြင်မှားပြီး ယူဆ စွဲလမ်းတာက ဒိဋ္ဌုပါဒါန်။

"နွားများ၊ ခွေးများရဲ့ အလေ့အကျင့် အပြုအမူ အတိုင်း လေ့ကျင့် ပြုမူကာမျှဖြင့် ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို ရတယ်။ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်တယ်"

http://www.dhammadownload.com



စသည်ဖြင့် ယူဆတဲ့ အယူမှားကို စွဲလမ်းတော့ **သီလဗ္ဗတုပါဒါန်**။ ဒီအယူမှားက အိန္ဒိယနိုင်ငံမှာ ရှေးအခါကတည်းက ရှိခဲ့တဲ့ အယူမှားပါ။

"လောကမှာ မပျက်စီးပဲ တည်မြဲနေတဲ့ အသက် ဝိညာဉ် အတ္တ၊ သို့မဟုတ် ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိတယ်"လို့ ယူဆ စွဲလမ်းတော့ **အတ္တဝါဒုပါဒါန်**။

အဲဒီ အစွဲလေးမျိုး ကင်းမှသာလျှင် ဆင်းရဲ ငြိမ်းမယ် လို့ မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့ပါတယ်။

**ဥပါဒါန်အားကောင်းတဲ့ အလှူ**

ဒီတော့ ပုဂ္ဂိုလ် တစ်ဦးဦးကို ရည်ရွယ်ပြီး ပုဂ္ဂလိကအနေနဲ့ လှူဒါန်းပါတယ် ဆိုကတည်းက ဒီပုဂ္ဂိုလ်ဆိုတဲ့ အစွဲ၊ ဟိုပုဂ္ဂိုလ်မဟုတ်ဘူးဆိုတဲ့ အစွဲ ပါနေပါပြီ။ အခုလို ပုဂ္ဂိုလ်ဆိုတဲ့ ရည်ညွှန်းချက်၊ သတ္တဝါဆိုတဲ့ ရည်ညွှန်းချက် ပါတဲ့အတွက် အတ္တဝါဒ ပါဒါန် အားကောင်းနေပါတယ်။ ဒီတော့ ကြီးမားဖွံ့ဖြိုးတဲ့ အကျိုးကို ပေးဖို့ မလွယ်ဘူးပေါ့။

ဒီလို ပုဂ္ဂိုလ်စွဲရှိတဲ့အခါမှာ ပုဂ္ဂိုလ်ပေါ်မှာ ကြည်ညို သဃောင်ယောင်နဲ့ ခင်မင်နေတဲ့ တဏှာလဲ ပါတတ်သေး

http://www.dhammadownload.com



တယ်။ ဒီတဏှာ ပါလာတဲ့အခါ ကျတော့ ခုနကပြောတဲ့ အတ္တဝါဒုပါဒါန် တင်မဟုတ်ဘူး။ ကာမုပါဒါန်လဲ ပါလာသေးတယ်။ အစွဲနှစ်မျိုးငြိနေတယ်။

"သံဃာအားလှူပါ၏"လို့ လှူဒါန်းတဲ့အခါ ကျတော့ ဘယ်ပုဂ္ဂိုလ်ရယ်လို့ ပုဂ္ဂိုလ်စွဲမရှိဘူး။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်လို့ ပုဂ္ဂိုလ်စွဲ မရှိဘူး။ ဦးတိဿ၊ ဦးဒတ္တ၊ ဦးဥတ္တမ စသည်ဖြင့်လဲ ပုဂ္ဂိုလ်စွဲမရှိဘူး။ ရှင်တော်မြတ်ဘုရားရဲ့ သာသနာတော် အတွင်းမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရလို့ အရိယာအဖြစ် ရောက်နေတဲ့ အရိယာသံဃာတော် အရှင်မြတ်များနှင့် တကွ အရိယာအဖြစ် မရောက်သေးသော်လဲပဲ အရိယာ ဖြစ်ရေး လမ်းပေါ်သို့ ရောက်နေတဲ့ သမ္မုတိသံဃာတော်များ၊ အဲဒီသံဃာတော်များ အားလုံးအား လှူဒါန်းပါ၏လို့ စိတ်ထဲက ရည်မှန်း လှူဒါန်းရင် ဘယ်ပုဂ္ဂိုလ်ရယ်လို့ ပုဂ္ဂိုလ်စွဲ မရှိတော့ဘူး။

ဥပါဒါန် အဲဒီလို ဘယ်ပုဂ္ဂိုလ်ရယ်လို့ ပိုင်းခြား

အားသေးတဲ့အလှူ သတ်မှတ်ချက် မရှိဘဲ ရှင်တော် မြတ်ဘုရား၏ သာသနာတော် တစ်ခုလုံးမှာ ရှိတဲ့ သံဃာတော်များအား လှူဒါန်းပါ၏လို့

http://www.dhammadownload.com



သံဃာ့ဂုဏ်ကို အာရုံပြုလှူဒါန်းတဲ့ အခါကျတော့ ပုဂ္ဂိုလ်စွဲ အတ္တဝါဒုပါဒါန်ဟာ အနုသယဓာတ် အမြစ်မပြတ်သေး ယော်လဲ ပရိယုဋ္ဌာန်အနေနဲ့ အလွန်အားသေးနေပါတယ်။

ဘယ်ပုဂ္ဂိုလ်ရယ်လို့ မရည်ညွှန်းတဲ့အတွက် မစွဲလမ်းတဲ့အတွက် ခင်မင်စရာ ပုဂ္ဂိုလ်ဆိုတာ မရှိတော့ ကာမုပါဒါန်လဲ မရှိဘူး။

အဲဒီအစွဲနှစ်ချက် ကင်းသလောက်ကင်းတော့ ကျန်တဲ့ အစွဲနှစ်ချက်ဖြစ်တဲ့ ဒိဋ္ဌုပါဒါန်နဲ့ သီလဗ္ဗတုပါဒါန်ကလဲ ကင်းပြီးပါပဲ။

ဒီတော့ သံဃာကို လှူဒါန်းခြင်းအားဖြင့် အစွဲလေးမျိုးလုံး လုံးဝ မကင်းသည့်တိုင်အောင် များသောအားဖြင့် ကင်းပြီး လှူဒါန်းရတာ ဖြစ်တဲ့အတွက် ဒီဒါနကုသိုလ်မှာ ကုသိုလ် စေတနာ အားကောင်းတယ်။ ဒါကြောင့်မို့ ကြီးမားတဲ့ အကျိုးကိုပေးတယ်။

ဒါကြောင့်လဲ မြတ်စွာဘုရားက ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်ကို ပုဂ္ဂလိကအနေနဲ့ ဆွမ်းသင်္ကန်းလှူ၊ ဒါမှမဟုတ် ကျောင်းကြီးတွေ ဆောက်ပြီးလှူ၊ အဲဒီလို လှူဦးတော့ သီလမရှိတဲ့ ပုဂ္ဂိုလ်တွေကို ပုဂ္ဂိုလ်အနေနဲ့ မဟုတ်ဘဲ "သံဃာအား လှူဒါန်းပါ၏" လို့ ရည်ညွှန်း လှူဒါန်းတဲ့

http://www.dhammadownload.com



သံဃိကဒါနက ပိုပြီး အကျိုးကြီးမားတယ်လို့ မိန့်ကြားတာပါပဲ။ ဒီတော့ ကထိန်သင်္ကန်းမှာလဲပဲ အခုပြောခဲ့တဲ့အတိုင်း ပုဂ္ဂိုလ်ကိုလှူတဲ့ ပုဂ္ဂလိကသင်္ကန်းနဲ့ ကထိန်ခင်းလို့မရ၊ သံဃာအားလှူတဲ့ သံဃိက သင်္ကန်းနဲ့သာ ကထိန်ခင်းလို့ရတာ ဖြစ်တဲ့အတွက် ဒကာ ဒကာမတွေက ကထိန်သင်္ကန်း လှူတဲ့အခါမှာ သံဃာ့ဂုဏ်ကို အာရုံပြုပြီး သံဃာအားလှူရတယ်။ သံဃာအား လှူတဲ့အခါကျတော့ ဘယ်ဘုန်းကြီးရယ်လို့ ပုဂ္ဂိုလ်စွဲ မရှိတော့ဘူး။

ဒီတော့ သံဃာအား ကထိန်သင်္ကန်း လှူဒါန်းနေတဲ့ အချိန်မှာ အစွဲလေးမျိုးလုံးဟာ ပရိယုဋ္ဌာန်အနေနဲ့ ကင်းသလောက် ကင်းနေပါတယ်။ ဒါကြောင့် ကထိန်သင်္ကန်း လှူဒါန်းရတာဟာ တစ်ခြား အလှူတွေထက် သာလွန်မွန်မြတ်ပါတယ်။

**ဒုတိယ ထူးခြားချက်** ကထိန်အလှူမှာ ထူးခြားတဲ့ ဒုတိယအချက်ကတော့ ကထိန်ခင်းတဲ့ ရဟန်းဟာ ဝိနည်းသိက္ခာပုဒ် ၅ ခုမှ ကင်းလွတ်ခွင့်ရခြင်းပါပဲ။ အဲဒါကိုပဲ ကထိန်အာနိသင် ၅ ပါးလို့ ခေါ်ပါတယ်။

http://www.dhammadownload.com



ပထမအာနိသင် အဲဒီအာနိသင် ငါးပါးထဲက နံပါတ်တစ် အကျိုးအာနိသင်

ကတော့ အနာမန္တစာရ အကျိုးပါပဲ။ အနာမန္တစာရဆိုတာ မပန်ကြားဘဲ သွားနိုင်ခြင်းလို့ ဆိုလိုပါတယ်။ ရဟန်းတော်များဟာ မြို့ထဲရွာထဲမှ တစ်အိမ်အိမ်က ဆွမ်းစားပင့်ထားတာရှိရင် အဲဒီအိမ်မှာ ဆွမ်းမစားမီဖြစ်စေ၊ ဆွမ်းစားပြီးဖြစ်စေ၊ တစ်ခြား တစ်အိမ်အိမ်ကို ကိစ္စတစ်ခုခုကြောင့် သွားလိုရင် တစ်ခြားရဟန်း တစ်ပါးပါးကို ပန်ကြားပြီးမှ သွားရပါတယ်။ မပန်ကြားပဲ သွားရင် အာပတ်သင့်စေ၊ အပြစ်ရစေလို့ မြတ်စွာဘုရား သိက္ခာပုဒ်ပညတ်ပြီး စည်းမျဉ်း ဥပဒေ ချမှတ်ထားပါတယ်။ သို့သော်လဲ မကျန်းမာတဲ့အချိန်၊ သင်္ကန်းလျှုဒါန်းတဲ့အချိန်၊ သင်္ကန်းချုပ်တဲ့ အချိန်များမှာတော့ မည်သူ့ကိုမှ မပန်ကြားဘဲ သွားနိုင်တယ်လို့ ခြွင်းချက်လဲ ပေးထားပါသေးတယ်။

ကထိန်ခင်းထားတဲ့ ရဟန်းကတော့ ကထိန်ခင်းပြီးတဲ့ အချိန်ကစပြီး တပေါင်းလပြည့်နေ့အထိ ဒီသိက္ခာပုဒ်မှ ကင်းလွတ်ခွင့်ရတယ်။ ဒီသိက္ခာပုဒ်စည်းမျဉ်းဥပဒေကို သူ လိုက်နာနေစရာ မလိုဘူး။ မြို့ထဲရွာထဲ သွားတဲ့အခါမှာ ဘယ်သူ့ကိုမှ မပန်ကြားဘဲ သွားနိုင်တယ်။ သွားခြင်းကြောင့် အာပတ် မသင့်ဘူး။

http://www.dhammadownload.com



အဲဒီလိုသိက္ခာပုဒ်ကိုလိုက်နာဖို့မလိုအောင် ဘယ်သူက လုပ်ပေးသလိုက်သလဲဆိုတော့ ကထိန်ခင်းမှုက လုပ်ပေး လိုက်တယ်။ ဒီတော့ အဲဒီကထိန်ခင်းဖို့ရာ သင်္ကန်းကို ဘယ်သူက လှူသလဲဆိုတော့ ဒကာ ဒကာမတွေက လှူလိုက်တယ်။

အခု ဒီမှာဆိုလို့ရှိရင် မန္တလေးသားအသင်း ဘုံကထိန် ဖြစ်မြောက်ရေးအဖွဲ့က သင်္ကန်း လှူလိုက်တယ်။ ဒီသင်္ကန်းနဲ့ သံဃာက ကထိန်ခင်းတယ်။ ခင်းပြီးရင် ကထိန်ခင်းတဲ့ သံဃာဟာ ဒီသိက္ခာပုဒ်မှ ကင်းလွတ်ခွင့် ရသွားတယ်။ ကင်းလွတ်ခွင့် ရပြီဆိုရင် သိက္ခာပုဒ် စည်းမျဉ်းဥပဒေ အချုပ်အတုပ်က လျော့ပေးလိုက်တယ်။ ဒီတော့ ဒီသံဃာဟာ မိမိ ပြုလုပ်စရာ ကိစ္စရှိတဲ့အခါမှာ မိမိသွားလိုရာကို လွတ်လွတ်လပ်လပ် နောက်ဆံမတင်း ဘဲနှင့် သွားနိုင် လာနိုင်ခြင်း အကျိုးကိုရတယ်။ ဒီတော့ သိက္ခာပုဒ် ကင်းလွတ်ခွင့်ကို ကထိန်သင်္ကန်းလှူတဲ့ ဒကာ ဒကာမတွေက ပြုလုပ်ပေးရာ ရောက်တဲ့အတွက် ဒကာ ဒကာမတွေရဲ့ သာသနာပြု ကုသိုလ်တွေပဲလို့ ဆိုနိုင်တယ်။

ဒါကြောင့် ဒကာ ဒကာမများလဲပဲ ကမ္မသရိက္ခဟာ ဝိပါက=ကံနှင့်တူသောအကျိုးကို ရနိုင်တာဖြစ်တဲ့

http://www.dhammadownload.com



အတွက် မိမိလိုရာအရပ်ကို အကြောင့်အကြ အနှောက်အယှက် မရှိဘဲနှင့် ချောချောမောမော သွားနိုင်၊ ရောက်နိုင်ခြင်းအကျိုးကို ရတယ်လို့ ဆိုနိုင်ပါတယ်။

**ဒုတိယအာနိသင်** နောက် ဒုတိယအကျိုးက **အသမာဒါနစာရ**။ အသမာဒါနစာရအကျိုးဆိုတာ ဒီလိုပါ။ သံဃာတော်များမှာ သင်းပိုင်၊ ကိုယ်ဝတ်၊ သင်္ကန်းကြီးဆိုတဲ့ သင်္ကန်း သုံးထည်ကို ဝတ်ရုံသုံးဆောင်ပုံ နှစ်မျိုး ရှိပါတယ်။ တစ်မျိုးကတော့ **ပရိက္ခာရစောဠ** အဓိဋ္ဌာန် တင်ပြီးတော့ သုံးဆောင်တာ။ ပရိက္ခာရစောဠ အဓိဋ္ဌာန်နဲ့ သုံးဆောင်တယ်ဆိုတာက ဒီသင်္ကန်း သုံးထည်ကို သာမန် သင်္ကန်းအနေနဲ့ သဘောထားပြီးတော့ သုံးဆောင်တာပါပဲ။ အဲဒီလို သုံးဆောင်ရင် ဒီသင်္ကန်း သုံးထည်အပေါ်မှာ အထူးစောင့်ရှောက်စရာ မလိုဘူး။

**ဝိနည်းတိစီဝရိက်နှင့် ဒုတင်တိစီဝရိက်** နောက်တစ်မျိုးကတော့ **တိစီဝရိက်** **အဓိဋ္ဌာန်**တင်ပြီး သုံးဆောင်တာ။ တိစီဝရိက်အနေနဲ့ အဓိဋ္ဌာန်တင်ပြီး သုံးဆောင်တယ်ဆိုတာက ဤသင်းပိုင်ကို

http://www.dhammadownload.com



သင်းပိုင်အဖြစ်နဲ့ စိတ်ထဲမှာ စွဲစွဲမြဲမြဲထားပြီးတော့ ရှိရှိသေသေ သုံးဆောင်ပါ့မယ်၊ ဤ ကေသီကို ကေသီ အနေနဲ့ စိတ်ထဲမှာ စွဲစွဲမြဲမြဲထားပြီးတော့ ရှိရှိသေသေ သုံးဆောင်ပါ့မယ်၊ ဤ ဒုကုဋ်သင်္ကန်းကြီးကို ဒုကုဋ်သင်္ကန်းကြီးအနေနဲ့ စိတ်ထဲမှာ စွဲစွဲမြဲမြဲ ထားပြီး တော့ ရှိရှိသေသေ သုံးဆောင်ပါမယ်လို့ တစ်ထည်စီ တစ်ထည်စီ သူ့နာမည်နှင့်သူ နှုတ်ကရွတ်ဆိုပြီး အဓိဋ္ဌာန် တင်ခြင်းဆိုတဲ့ ဝိနည်းကံ ပြုလုပ်ရတယ်။ အဲဒီလို တစ်ထည်စီ သူ့နာမည်နှင့်သူ အဓိဋ္ဌာန်တင် ဝိနည်းကံ ပြုလုပ်ပြီး သုံးဆောင်တာကိုပဲ ဝိနည်းတိစီဝရိက် ဆောင်တယ်လို့ ခေါ်တယ်။ ဓုတင် တိစီဝရိက်နဲ့ မတူဘူး။

ဓုတင် တိစီဝရိက်ကတော့ သင်္ကန်း သုံးထည်ပဲ ရှိရမယ်။ သုံးထည်ထက်ပိုပြီး မရှိရဘူး။ ဘယ်သွားသွား၊ ဘယ်လာလာ၊ ဘယ်နေနေ၊ ဘယ်ထိုင်ထိုင် အဲဒီသင်္ကန်း သုံးထည်ပဲ ဝတ်ရုံသုံးဆောင်တာကို ဓုတင်တိစီဝရိက် ခေါ်တယ်။

ယခု ဝိနည်း တိစီဝိရိက်ကတော့ မြတ်စွာဘုရားက ကုသိုလ်တိုးပွားအောင် ပညတ်ခဲ့တာ။ ပညတ်ခဲ့လို့ လိုက်နာပြီး ကျင့်ဆောင်နေကြတယ်။ သို့သော် သင်္ကန်း

http://www.dhammadownload.com



ကတော့ အပိုထားနိုင်တယ်။ အခု ပြောခဲ့တဲ့အတိုင်း သင်းပိုင်ဆိုတဲ့ နာမည်၊ ဧကသီဆိုတဲ့ နာမည်၊ ဒုကုဋ်သင်္ကန်းကြီးဆိုတဲ့ နာမည်နဲ့ အသီးသီး တစ်ထည်စီ တစ်ထည်စီ အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းသုံးထည် အပြင် ဒီရဟန်းတော်ဟာ အခြားသင်္ကန်းအစုံပေါင်း နှစ်ဆယ်လဲ ထားနိုင်တယ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ် လိုသလောက် ထားနိုင် တယ်။ သို့သော်လဲ ဒီသင်္ကန်း သုံးထည်ကိုတော့ သူ့နာမည် နှင့်သူ စိတ်ထဲမှာ စွဲစွဲမြဲမြဲထားပြီး ရိုရိုသေသေ သုံးဆောင် ပါမယ်ဆိုတဲ့ သဘောနဲ့ ဝိနည်း တိစီဝရိက် အဓိဋ္ဌာန် တင်ထားတော့ သူ့ကို အထူး စောင့်ရှောက်ရတယ်။

**ဝိနည်းတိစီဝရိက် စောင့်ရှောက်ပုံ** အထူး စောင့်ရှောက်ရပုံကတော့ ရဟန်းတော်ဟာ တိစီဝရိက်အနေနဲ့ အဓိဋ္ဌာန် တင်ထားယင် အဲဒီသင်္ကန်း သုံးထည်ထဲက ဘယ်သင်္ကန်းနဲ့မှ အရုဏ်တက်တဲ့အခါမှာ မိမိနဲ့ နှစ်တောင့်ထွာထက် ဝေးကွာပြီး မနေရဘူး။ သင်္ကန်းဟာ မိမိရဲ့ နှစ်တောင့်ထွာအတွင်းမှာ ရှိနေရမယ်။ ကိုယ်မှာ ဝတ်ယင်လဲ ဝတ်ထား၊ ဝတ်မထားယင်လဲ အရုဏ်တက်ချိန်မှာ သုံးထည်လုံးဟာ မိမိရဲ့ နှစ်တောင့်ထွာ

http://www.dhammadownload.com



အတွင်းမှာ ရှိစေရမယ်။ မိမိအနီး နှစ်တောင့်ထွာအတွင်းမှာ မရှိရင် အာပတ်သင့်တယ်။

ကထိန်ခင်းတဲ့ ရဟန်းမှာတော့ အဲဒီသင်္ကန်းသုံးထည်ကို သင်းပိုင်မှတ်မှတ်၊ ဧကသီမှတ်မှတ်၊ ဒုကုဋ်သင်္ကန်းကြီး မှတ်မှတ် စိတ်ထဲမှာ ရှိရှိသေသေ သုံးဆောင်ပါမယ်လို့ တိစီဝရိက်အဓိဋ္ဌာန် တင်ထားသော်လဲပဲ သူဟာ ကထိန်ခင်းထားတာ ဖြစ်တဲ့အတွက် ကထိန်ရဲ့ အကျိုးအာနိသင် အနေနဲ့ အရဏ်တက်တဲ့အခါ ဒီသင်္ကန်း သုံးထည်နှင့် နှစ်တောင့်ထွာမကဘူး၊ လေးတောင် ငါးတောင်လဲ ကွာဝေးပြီးတော့ နေလို့ရတယ်။ ဟိုကျောင်း ဒီကျောင်း တစ်ကျောင်းစီ ထားပြီးတော့လဲ နေနိုင်တယ်။ ရဟန်းတော် အရှင်မြတ်က မန္တလေးမှာနေပြီး သင်္ကန်းကို ရန်ကုန်မှာ ထားလိုလဲ ထားနိုင်တယ်။ အာပတ် မသင့်ဘူး။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ငါးလအတွင်းပဲ၊ အဲဒီ ငါးလအတွင်းမှာတော့ ဒီရဟန်းတော်ဟာ ဒီသိက္ခာပုဒ်မှ ကင်းလွတ်ခွင့်ရတယ်။ ဒါကြောင့် သူဟာ တိစီဝရိက်အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းကို သွားလေရာမှာ ဆောင်သွားစရာမလိုပဲ လွတ်လွတ်လပ်လပ် သွားနိုင်တဲ့ အကျိုးရတယ်။

http://www.dhammadownload.com



အဲဒီဝိနည်းစည်းမျဉ်း ဥပဒေမှ ငါးလအတွင်း ကင်းလွတ်ခွင့် ရတာလဲပဲ ဒီကထိန်သင်္ကန်း လှူဒါန်းခြင်း၊ ကထိန်ခင်းခြင်းက ပေးလိုက်တဲ့ အကျိုးအာနိသင် ဖြစ်တဲ့အတွက် ကထိန်သင်္ကန်း လှူဒါန်းလိုက်တဲ့ ဒကာ ဒကာမတွေရဲ့ သာသနာပြု ကုသိုလ်ပဲ။

ဒါကြောင့် ကထိန်ဒကာ ဒကာမများ ဘယ်ကိုပဲ သွားသွား၊ ပေါ့ပေါ့ပါးပါး ချမ်းချမ်းသာသာ သွားရခြင်း အကျိုးကို ရနိုင်တယ်လို့ မှတ်ယူရမှာပါပဲ။

**ကထိန်ခွင့်ပြုခြင်း၏ အကြောင်းရင်း**

ဒီနေရာမှာ ကထိန်ခွင့်ပြုခြင်းရဲ့ အကြောင်းရင်းကို သိထားရင် ကောင်းပါတယ်။ မြတ်စွာဘုရား ကထိန်ကို ခွင့်ပြုတော်မူတာဟာ အသမာဒါနစာရခေါ်တဲ့ ဒီ ဒုတိယအာနိသင်ကို ပဓာနအားဖြင့် ရည်ရွယ်တော်မူပြီး ခွင့်ပြုတော်မူတယ်လို့ ဆိုလျှင် မမှားပါဘူး။

အကြောင်းက ဒီလိုပါ။ တစ်ချိန်မှာ ရှင်တော် မြတ်ဘုရား ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော် မူစဉ် ပါဝါပြည်သား ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်လို့ အများသိကြတဲ့ ဓုတင်ဆောင် ရဟန်းတော်များဟာ

http://www.dhammadownload.com



မြတ်စွာဘုရားကို ဖူးမြော်ဖို့ရာ သာဝတ္ထိပြည်ကို ကြွတော်မူကြပါတယ်။ ဝါဆိုခါနီးမှ ကြွကြတာဖြစ်တော့ သာဝတ္ထိကို ဝါဆိုမီ မရောက်နိုင်တာနဲ့ သာဝတ္ထိနဲ့ ခုနစ်ယူဇနာဝေးတဲ့ သာကေတမြို့မှာ ဝါဆိုကြရပါတယ်။

ရဟန်းတော်များဟာ မိမိတို့နဲ့ မနီးမဝေးမှာ ရှင်တော်မြတ်ဘုရား သီတင်းသုံးလျက် ရှိတာကို သိပါလျက် ဝါတွင်းကြီးမို့ သွားရောက် ဖူးမြော်မှု မပြုနိုင်တာကို စိတ်ထဲမှာ မချင့်မရဲ ဖြစ်ရင်းနဲ့ ဝါတွင်းကာလကို ကုန်လွန်စေကြရတယ်။ ဝါကျွတ်တော့ သီတင်းကျွတ် လပြည့်နေ့မှာ ပဝါရဏာပြုပြီး ပြီးချင်းပဲ သာဝတ္ထိကို ကြွတော်မူကြတယ်။ သို့သော်လဲ လမ်းမှာ မိုးကြီး သည်းသည်းထန်ထန် ရွာချလို့ မိုးမိကြတဲ့အတွက် ပင်ပန်းဆင်းရဲစွာနဲ့ ကြွတော်မူကြရတယ်။

မိုးတွေက တစ်အုန်းအုန်းရွာချ၊ ရေတွေကလဲကြီး၊ ဗွက်ကြီးတွေထဲမှာ ဒူးထိမလောက် ကျွံကြ၊ နစ်ကြ။ ဒီအထဲမှာ ဖျင်သင်္ကန်း ထူထူထည်းထည်းကြီးတွေထဲ ရေတွေဝင်နေလို့ ရေအိပ်ကြီးတွေလိုဖြစ်ပြီး သင်္ကန်းကြီးတွေက လေးလွန်းလှတော့ ခရီးမတွင်ရုံမျှ မကဘဲ အင်မတန် ပင်ပန်းကြတယ်။ သင်္ကန်းက ခါးဝတ်သင်းပိုင်နဲ့ ကိုယ်ရုံ ဧကသီလောက်သာဆိုရင် သိပ်မလေးလှပါဘူး။

http://www.dhammadownload.com



အခုတော့ နှစ်ထပ်သင်္ကန်းကြီးပါ ဆောင်ကြရတာဖြစ်လို့ ဖျင်သား နှစ်ထပ်ကြားထဲမှာ ရေတွေဝင်နေပြီး သင်္ကန်းကြီး တစ်ထည်လုံးမှာ ရေအိပ်ကြီးလို ဖြစ်နေတော့ တကယ့် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတယ်။

ဒီသင်္ကန်းကြီးကို လမ်းခရီးမှာ ရွာတစ်ရွာရွာ၊ ကျောင်းတစ်ကျောင်းကျောင်းမယ် ထားခဲ့ပြီး ခရီးဆက်ရယင် ဝန်ပေါ့သွားနိုင်ပါတယ်။ ဒါပေမယ့် ဒီလို ထားခဲ့လို့ကလဲ မဖြစ်ဘူး။ ဘာကြောင့်လဲဆိုတော့ "တိစီဝရိက်အဝိပ္ပဝါသ် တင်ထားတဲ့ သင်္ကန်းသုံးထည်နှင့် အရုဏ်တက်ချိန်မှာ ကင်းကွာမနေရဘူး"လို့ ပညတ်တော် မူထားတဲ့ **အသမာဒါနစာရ သိက္ခာပုဒ်တော်က** ရှိနေတယ်။ ဒါကြောင့် မထားနိုင်ခဲ့ကြဘဲ ဒီသင်္ကန်း ရေအိပ်ကြီးကို တပင်တပန်း သယ်ဆောင်ရင်းနဲ့ပဲ သာဝတ္ထိကို ရောက်လာကြရတယ်။

**ကထိန် ခွင့်ပြုတော်မူခြင်း** သာဝတ္ထိကို ရောက်လို့ ရှင်တော်မြတ်ဘုရားက မေးမြန်းတော်မူလို့ လမ်းခရီးမှာ ဖြစ်ပျက်ပုံ အကြောင်းစုံ ကို လျှောက်ထားကြတယ်။ ဒီတော့မှ မြတ်စွာဘုရားက "အကယ်၍သာ ကထိန်ကိုများ ခွင့်ပြုပညတ်ထားခဲ့လျှင်

http://www.dhammadownload.com



ဒီ တပည့်ရဟန်းတွေဟာ နှစ်ထပ်သင်္ကန်းကြီး ထားခဲ့ပြီး သင်းပိုင်၊ ကောသိမျှနှင့် လာခဲ့ကြလိမ့်မယ်။ သို့ဖြစ်လျှင် ယခုလို ပင်ပန်းခဲ့ကြရမည် မဟုတ်ကြပေ။ ကထိန် ဆိုသည်မှာလဲ ရှေးရှေးသော ဘုရားရှင်တို့ ခွင့်ပြု ပညတ်မြဲ အရာသာ ဖြစ်ပေသည်”ဟု ဆင်ခြင်တော်မူမိတာနှင့် “တပည့်တို့ ပုရိမဝါကျွတ်ကြတဲ့ ရဟန်းများကို ကထိန်ခင်းဖို့ ခွင့်ပြုတော် မူတယ်”လို့ မိန့်တော်မူပြီး ကထိန်ကို စတင် ခွင့်ပြုတော်မူပါတယ်။

ပြီးတော့မှ တစ်ဆက်တည်းပဲ ကထိန်ခင်းတဲ့ ရဟန်းများဟာ (၁) မပန်ကြားဘဲ မြို့ထဲရွာထဲသွားနိုင်ခြင်း၊ (၂) တိစီဝရိက် အဓိဋ္ဌာန် တင်ထားတဲ့ သင်္ကန်းနှင့် ကင်းကွာ၍ နေနိုင်ခြင်း၊ (၃) ဂိုဏ်းဘောဇဉ်ကို စားနိုင်ခြင်း၊ (၄) အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ သင်္ကန်းကို ထားနိုင်ခြင်း၊ (၅) ကထိန်ခင်းတဲ့ကျောင်းမှာ သံဃိကသင်္ကန်း ဖြစ်ပေါ်လျှင် ထိုကျောင်းမှာ ကထိန်ခင်းတဲ့ ရဟန်းများသာလျှင် ရပိုင်ခွင့် ရှိခြင်းဆိုတဲ့ အကျိုးငါးပါးကို ရရှိခံစားစေလို့ ကထိန်ရဲ့ အာနိသင် ငါးပါးကိုလဲ သတ်မှတ် မိန့်ကြားတော်မူပါတယ်။

ယခုပြောပြတဲ့ အဖြစ်အပျက်ကိုကြည့်ယင် ကထိန်ခွင့်ပြုတော်မူတာဟာ ပဓာနအားဖြင့် အသမာဒါနစာရ ခေါ်တဲ့ ဒီဒုတိယအာနိသင်အတွက်ပဲလို့ ဆိုရမှာပါပဲ။

http://www.dhammadownload.com



**တတိယ အာနိသင်** နောက် တတိယအကျိုးက **ဂဏဘောဇနေ=ဂိုဏ်းဘောဇဉ်**

ကို စားခြင်း၊ ဂဏဘောဇနဆိုတာ လူတွေက သံဃာတွေကို ဆွမ်းဘုဉ်းပေး ပင့်တဲ့အခါမှာ သာသနာသုံး သံဃာ့ဝေါဟာရ စကားနှင့် မပင့်ဘဲ လူသုံးစကားနဲ့ ပင့်တယ်ဆိုကြပါစို့။ "အရှင်ဘုရား၊ တပည့်တော်အိမ် ထမင်းစား ကြွပါဘုရား၊ ထမင်းဘုဉ်းပေး ကြွပါဘုရား၊ တပည့်တော်တို့အိမ် မုန့်စားကြွပါဘုရား" စသည်ဖြင့် သာသနာသုံး ဝေါဟာရနဲ့ မဟုတ်ဘဲ လူသုံးဝေါဟာရနဲ့ ပင့်တယ်။ ပင့်ရမှာက "တပည့်တော်များအိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါဘုရား၊ မုန့်ဆွမ်း ဘုဉ်းပေး ကြွတော်မူပါဘုရား" စသည်ဖြင့် သာသနာသုံး ဝေါဟာရနဲ့ ပင့်ရမယ်။

ဒါကို သာသနာသုံးဝေါဟာရနဲ့ မပင့်ဘဲ "ထမင်းစား ကြွပါဘုရား၊ ထမင်းဘုဉ်းပေး ကြွပါဘုရား"လို့ အဲဒီလို ပင့်နည်းမျိုးနဲ့ ပင့်ထားတဲ့ ဆွမ်းကို တစ်ပါး နှစ်ပါး သုံးပါးအထိတော့ တစ်ပြိုင်နက်တည်း သွားဘုဉ်းပေးရင် ဘုဉ်းပေးကောင်းပါတယ်။ လေးပါး၊ လေးပါးထက် ပိုလွန်တဲ့ ရဟန်းတော်တွေတော့ အဲဒီဆွမ်းကို တပြိုင်နက်တည်း သွားပြီး အတူတကွ ဘုဉ်းပေးရင် အာပတ်သင့်စေ

http://www.dhammadownload.com



လို့ မြတ်စွာဘုရား ပညတ်တော် မူထားတယ်။ **“ဂဏဘောဇနေ ပါစိတ္တိယံ”**လို့ ပညတ်တော်မူခဲ့တယ်။

ကထိန်ခင်းတဲ့ ရဟန်းဟာ အဲဒီသိက္ခာပုဒ်မှလဲ ကင်းလွတ်ခွင့်ရတယ်။ ငါးလအတွင်းပေါ့။ သီတင်းကျွတ် လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်ကျော် ၁ ရက်နေ့ အထိ ငါးလအတွင်းမှာ ဒီရဟန်းဟာ ဒီ ဝိနည်းစည်းမျဉ်း ဥပဒေကြောင့် အပြစ်မသင့်တော့ဘူး။ မအပ်မရာ လူသုံး ဝေါဟာရနှင့် ပင့်တဲ့ဆွမ်းကို လေးပါး၊ လေးပါးမက ငါးပါး၊ ခြောက်ပါး အစရှိသဖြင့် ပင့်ရင်လဲ လိုက်ပြီး တပြိုင်နက်တည်း အတူတကွ ဘုဉ်းပေးလို့ ရတယ်။ ဒါလဲ ဒါယကာ ဒါယိကာမတွေ လှူဒါန်းတဲ့ ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းလို့ရတဲ့ အကျိုးပဲ။

ဒါကြောင့် ကထိန် ဒကာ ဒကာမတွေဟာ အစားအသောက်ကြောင့် ဘေးဥပါဒ် အန္တရာယ် မဖြစ်ခြင်း အကျိုးကို ရနိုင်တယ်လို့ မှတ်ယူနိုင်ပါတယ်။

**စတုတ္ထ အာနိသင်** နောက် စတုတ္ထအကျိုးက ယာဝဒတ္ထ **စီဝရ**တဲ့။ ရဟန်းတော်များမှာ တစ်နည်းနည်းနဲ့ သင်္ကန်းကိုးထည်ထဲက တစ်ထည်ထည် ရလာရင် အဲဒီသင်္ကန်းကို ၁၀ ရက်မပြည့်မီ အဓိဋ္ဌာန်

http://www.dhammadownload.com



တင်ခြင်း၊ ဝိကပ္ပနာပြုခြင်းဆိုတဲ့ ဝိနည်းကံတစ်ခုခု လုပ်ထားရတယ်။ သင်္ကန်းမှတ်မှတ် ရှိရှိသေသေ သိမ်းဆည်းပြီး ရှိရှိသေသေ ဝတ်အောင် ရုံအောင်ပေါ့လေ။ ရလာတဲ့သင်္ကန်းကို ၁၀ ရက်လွန်သွားသည်အထိ အဓိဋ္ဌာန် မကင်ဖြစ်ဘူး၊ ဝိကပ္ပနာ မပြုဖြစ်ဘူးဆိုရင် အဲဒီသင်္ကန်းကို ဒီရဟန်း မသုံးဆောင်ကောင်းတော့ဘူး။ ဒီသင်္ကန်း စွန့်ထိုက်သွားပြီ။ သင်္ကန်းကိုလဲ စွန့်လိုက်ရမယ်၊ အာပတ်လဲ သင့်သွားပြီ၊ အဲဒီအာပတ်ကိုလဲ ဒေသနာကြားရမယ်။

ကထိန်ခင်းတဲ့ ရဟန်းကတော့ အဲဒီသိက္ခာပုဒ်မှလဲ ကင်းလွတ်ခွင့်ရတယ်။ ဒါကြောင့် ကထိန်ခင်းတဲ့ ရဟန်းဟာ တစ်နည်းနည်းနဲ့ သင်္ကန်းရလာရင် ဘယ်နှစ်စုံပဲရရ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ကစပြီး တစ်ပေါင်းလပြည့်နေ့အထိ ငါးလအတွင်းမှာ တော့ အဓိဋ္ဌာန် မတင်ဘဲလဲ ထားနိုင်တယ်။ ဝိကပ္ပနာ မပြုဘဲလဲ ထားနိုင်တယ်။ တပေါင်းလပြည့်ကျော်ရင်တော့ ကထိန်အာနိသင်ရတဲ့ အချိန်ကာလ အပိုင်းအခြား ကုန်သွားပြီဖြစ်လို့ အဓိဋ္ဌာန် တင်ရင်လဲတင်၊ ဝိကပ္ပနာ ပြုရင်လဲ ပြုရမယ်။

http://www.dhammadownload.com



ဒီလိုထားနိုင်ခြင်းဟာလဲ ကထိန်ခင်းခြင်းကြောင့် ရတဲ့ အကျိုးအာနိသင်ပဲ။ ဒါကြောင့် ကထိန်ဒကာ ဒကာမများမှာလဲ မိမိတို့ ပစ္စည်းများကို ရန်သူမျိုးငါးပါး မဖျက်ဆီးအောင် စောင့်ရှောက် ထိန်းသိမ်းနိုင်ခြင်း အကျိုးကို ရနိုင်တယ်လို့ မှတ်ယူသင့်ပါတယ်။

**ပဉ္စမ အာနိသင်** နောက်ဆုံး ပဉ္စမ အာနိသင်ကတော့ **ယောစတတ္ထစီဝရုပ္ပါဒ**။ ယောစတတ္ထ စီဝရုပ္ပါဒဆိုတာ ကျောင်းတစ်ကျောင်းမှာ "သံဃိက သင်္ကန်းပါဘုရား၊ သံဃာအားလှူပါ၏"ဆိုပြီး သင်္ကန်း လှူသည်ဖြစ်စေ၊ တစ်ခြားပစ္စည်း လှူသည်ဖြစ်စေ၊ အဲဒီသင်္ကန်း၊ အဲဒီပစ္စည်းကို ဒီကျောင်းမှာ မျက်မှောက် ရှိနေတဲ့ သံဃာကို ခွဲဝေပေးရတယ်။ အဲဒီသင်္ကန်း လှူတဲ့အချိန်မှာ သံဃာ ၂၀ ရှိယင် ၂၀ လုံး၊ ၄၀ ရှိယင် ၄၀ လုံး ဝေပေးရတယ်။ ဝေလို့ မလောက်ရင် မဲချတန်ချ၊ ဒါမှမဟုတ် သံဃာ သဘောတူညီချက် ယူပြီတော့ သံဃာအား ကျေးဇူးများတဲ့ ပုဂ္ဂိုလ်ကို လှူရင်လဲ လှူပေါ့လေ။ ဒီလိုလုပ်ရတယ်။

သို့သော်လဲ ကထိန်ခင်းတဲ့လက စပြီး တပေါင်း လပြည့်အထိ ငါးလတာ အချိန်ကာလအတွင်းမှာ ဒကာ

http://www.dhammadownload.com



တစ်ယောက်ယောက်ကလာပြီး "သံဃာအား လှူပါ၏ ဘုရား"လို့ သင်္ကန်းတစ်စုံ လာလှူရင် အဲဒီသင်္ကန်းဟာ ဒီကျောင်းတိုက်မှာ ပုရိမဝါကျွတ်လို့ ကထိန်ခင်းတဲ့ သံဃာများနဲ့သာ သက်ဆိုင်တယ်။ နောက်မှ ဒီကျောင်းကို ရောက်လာပြီး ဒီကျောင်းမှာ ကထိန်အာနိသင် မရတဲ့ သံဃာတွေနဲ့ မသက်ဆိုင်ဘူး။ ဒီကျောင်းမှာ ပုရိမဝါ ကပ်သော်လဲ ဝါကျိုး ဝါပြတ်လို့ ကထိန်အာနိသင် မရတဲ့ ရဟန်း၊ ဝါမကျိုး ဝါမပြတ်သော်လဲ ကထိန် ခင်းစဉ်မှာ ဝိနည်းတော်နှင့်အညီ အနုမောဒနာမပြုလို့ ကထိန်အာနိသင်မရတဲ့ ရဟန်းများနဲ့လဲ မသက်ဆိုင်ဘူး။ ဒီသင်္ကန်းကို အဲဒီ ရဟန်းတွေကို ဝေပေးဖို့မလိုဘူး။

ဒီကျောင်းတိုက်မှာ ဝါကျွတ်ပြီးတော့ ကထိန် ခင်းထားတဲ့သံဃာတွေနဲ့သာ သက်ဆိုင်လို့ အဲဒီသံဃာများသာ ပိုင်တာဖြစ်တဲ့အတွက် အဲဒီ သံဃာများသာ ခွဲဝေပြီး သုံးဆောင်ရတယ်။ ကထိန်အာနိသင်မရတဲ့ သံဃာဟာ တစ်ရာဖြစ်ပေစေ၊ တစ်ထောင်ဖြစ်ပေစေ၊ သူတို့နဲ့ ဒီသင်္ကန်း မသက်ဆိုင်ဘူး၊ သူတို့ကို မဝေလဲပဲ ကထိန်ခင်းတဲ့ သံဃာများက သုံးဆောင်နိုင်တယ်။ ဒါလဲပဲ ကင်းလွတ်ခွင့် တစ်ခုပဲ။ ကထိန်ခင်းခြင်းကြောင့် ရတဲ့ အကျိုးအာနိသင် တစ်ခုပဲ။

http://www.dhammadownload.com



ဒါကြောင့် ကထိန်ဒါယကာ ဒါယိကာမများမှာလဲ အဝတ်အထည် ပေါများခြင်း အကျိုးကို ရနိုင်တယ်လို့ မှတ်ယူသင့်ပါတယ်။ ပြီးတော့ မိမိပစ္စည်းကို မိမိက မပေးရင် မည်သူမျှ မယူနိုင်ခြင်း အကျိုးကိုလဲ ရနိုင်တယ်လို့ ဆိုနိုင်ပါလိမ့်မယ်။

**ဝိနည်းတော်ကို လျှော့ပေးတဲ့ဒါန** အဲဒီလို ဝိနည်းစည်းမျဉ်း ဥပဒေအချို့မှ ကင်းလွတ်ခွင့်ရအောင် လုပ်ပေးနိုင်တဲ့ ကုသိုလ်ဟာ ဒီ ကထိန်ဒါန ကုသိုလ်တစ်ခုပဲရှိတယ်။ တစ်ခြား ကုသိုလ်တွေ ဘယ်ကုသိုလ်မှ ဝိနည်းသိက္ခာပုဒ်မှ ကင်းလွတ်ခွင့်ရအောင် လျှော့ပေးအောင် မတတ်နိုင်ဘူး။ အင်မတန် ကြီးမားတဲ့ ကျောင်းကြီးဆယ်ကျောင်း ဆောက်ပြီးတော့ သံဃာကို လှူ၊ သံဃိက ဒါနတော့ဖြစ်တယ်၊ ကြီးမားတဲ့ အကျိုးတော့ ပေးပါတယ်။ သို့သော် အဲဒီကျောင်းကြီး ဆယ်ကျောင်းလှူတဲ့ ဒါနက ယခု ကထိန်သင်္ကန်းလှူတဲ့ ဒါနလို ဝိနည်းသိက္ခာပုဒ် တွေမှ ကင်းလွတ်ခွင့်ရအောင် လုပ်မပေးနိုင်ဘူး။ ဒါကြောင့်လဲ ဒီကထိန်သင်္ကန်းလှူဒါန်းတဲ့ ဒါနဟာ တစ်ခြား ဒါနတွေထက် ပိုပြီးတော့ ထူးခြားတယ်လို့ ဆိုရပါတယ်။

http://www.dhammadownload.com



ဒီလို ထူးခြားတဲ့အတွက် ဒကာ ဒကာမတွေရဲ့ စေတနာကလဲ ပိုပြီးထက်သန် အားကောင်းတယ်။ စေတနာ ပိုပြီး ထက်သန်အားကောင်းတဲ့အတွက်ပဲ ဒီကထိန်သင်္ကန်း လှူဒါန်းရတဲ့ ဒါနကုသိုလ်ဟာ ပိုပြီးတော့ ကြီးမားတဲ့ အကျိုးကိုပေးတယ်။ ဒါအင်မတန် သဘာဝကျတယ်။ အကြောင်းနဲ့အကျိုး အင်အား ညီမျှတယ်။ အကြောင်းစိတ်ထား စေတနာထားက ထက်သန်အားကောင်းနေတော့ သူ့ကြောင့်ဖြစ်ပေါ်တဲ့ အကျိုးလဲ ကြီးမားရတယ်။ ဒါအင်မတန် သဘာဝ ကျပါတယ်။

**တစ်ခြား အကြောင်းတစ်ခု နောက်ပြီးတော့ ဒီကထိန်သင်္ကန်း လှူဒါန်းတဲ့ ဒါန**

ကုသိုလ်ဟာ တစ်ခြားကုသိုလ်တွေထက် ပိုပြီး အကျိုး ကြီးမားရာမှာ တစ်ခြား အကြောင်းတစ်ရပ်လဲ ရှိသေးတယ်။ တစ်ခြားအကြောင်းတစ်ရပ်က ဘာလဲ ဆိုတော့ ကထိန်သင်္ကန်းဟာ တစ်ခြားတစ်ခြား သင်္ကန်း တွေလို လှူလိုတဲ့အချိန်မှာ လှူလို့ရတာ မဟုတ်ဘူး။ တစ်ခြားတစ်ခြား သင်္ကန်းတွေဆိုရင် ဘယ်အချိန် လှူလှူ၊ ဒီနေ့ တစ်စုံလှူ၊ နောက်တစ်နေ့လဲလှူ၊

http://www.dhammadownload.com



နောက်လလဲ တစ်စုံလှူ၊ နွေလဲ တစ်စုံလှူ၊ မိုးလဲတစ်စုံလှူ၊ ဆောင်းလဲ တစ်စုံလှူ စသည်ဖြင့် လှူချင်တဲ့အချိန်မှာ လှူချင်သလောက် လှူလို့ရတယ်။ အဲဒီကုသိုလ်က သာမာန်သင်္ကန်း လှူဒါန်းတဲ့ ကုသိုလ်ပဲ။ သာမာန် ပစ္စည်းလေးပါး လှူဒါန်းတဲ့ ကုသိုလ်က အချိန်မရွေး အချိန်တိုင်း လှူလို့ရတယ်။

ဒီကထိန်သင်္ကန်း လှူဒါန်းတဲ့ ဒါနကုသိုလ်ကတော့ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ကစပြီး တန်ဆောင်မုန်း လပြည့်နေ့အထိ တစ်လအတွင်းမှာသာ လှူဒါန်းလို့ရတယ်။ အဲဒီလို လှူဒါန်းရာမှာလဲ ကျောင်းတိုက် တစ်တိုက်မှာ ကထိန်ခင်းဖို့ဆိုရင် တစ်ကြိမ်သာ လှူဒါန်းရတယ်။ နှစ်ကြိမ် မလှူဒါန်းရဘူး။ ဒီတော့ လှူဒါန်းခွင့်ရတဲ့ အချိန်ကာလ အပိုင်းအခြားကလဲ တိုတောင်း၊ အကြိမ်ကလဲ တစ်ကြိမ်တည်းသာဖြစ်တော့၊ ကထိန်သင်္ကန်း လှူဒါန်းဖို့ရာ အလှူဒကာများရဲ့ စိတ်ထဲမှာ ကြာမြင့်စွာသော အချိန်ကစပြီးတော့ အာရုံစိုက်လာခဲ့ကြတယ်၊ ပြင်ဆင်လာခဲ့ကြတယ်။

အဲဒီလို အာရုံစိုက် ပြင်ဆင်တဲ့အချိန်ကစပြီးတော့ သံဃိကဒါန စေတနာတွေဟာ ကထိန်ဒါယကာတွေရဲ့ သန္တာန်မှာ အင်အားကြီးမားစွာနဲ့ ဖြစ်ထွန်းလာခဲ့တယ်။

http://www.dhammadownload.com



ဖြစ်ပေါ်လာခဲ့တယ်။ ကထိန်သင်္ကန်း မလှူဒါန်းမီ သုံးလေးလလောက်ကစပြီးတော့ ကထိန်သင်္ကန်း လှူဒါန်းဖို့ ကြောင့်ကြစိုက်ကြတယ်၊ စုဝေးကြတယ်၊ စိုင်းပြင်းကြတယ်၊ တိုင်ပင်ကြတယ်၊ ဆွေးနွေးကြတယ်၊ အဲဒီအချိန်မှာ ဒါနစေတနာတွေ အင်ကောင်းအားကောင်းနဲ့ ဖြစ်ပွားနေကြတယ်။ **ပုဗ္ဗစေတနာ**တွေ အားကောင်းနေတယ်။

အခုဘုန်းကြီးတို့ မန္တလေးအသင်းက ဒီမဟာဗောဓိကျောင်းမှာ ဘုံကထိန်သင်္ကန်း လှူဒါန်းတယ်ဆိုတာ အခု တစ်ရက် နှစ်ရက်အတွင်းမှာ ထပြီးလုပ်တာမဟုတ်ဘူး။ တစ်လ နှစ်လအတွင်းမှာ ထပြီးလုပ်တာမဟုတ်ဘူး။ လွန်ခဲ့တဲ့ သုံးလေးလလောက်ကစပြီး အကြိမ်ကြိမ် စည်းဝေး ဆွေးနွေး တိုင်ပင်ပြီးတော့ ဒီကနေ့ ကထိန်သင်္ကန်း လှူဒါန်းပွဲကို ကျင်းပရတာ ဖြစ်တဲ့အတွက် ပုဗ္ဗစေတနာ ဖြစ်ဖို့ရာ အချိန်တွေ အကြာကြီးရခဲ့တယ်။

အဲဒီပုဗ္ဗစေတနာတွေ ဖြစ်ခွင့်ရတဲ့ သုံးလေးလအတွင်းမှာ ကထိန်သင်္ကန်း လှူဒါန်းရေးအတွက် အမျိုးမျိုး အဖုံဖုံ နှိုးဆော် ဆော်ဩ စည်းဝေး လုပ်ဆောင်ကြတော့ အဲဒီ ပြုလုပ်တဲ့ ကာယကံတိုင်း

http://www.dhammadownload.com



ဝစီကံတိုင်းမှာ ဒါန စေတနာတွေ အပြည့် ပါနေခဲ့တယ်။ ဒီတော့ ပုဗ္ဗစေတနာတွေ သိပ်အားကောင်းနေတယ်။ တစ်နှစ်မှ တစ်ကြိမ် လှူရတာ ဖြစ်လို့ အရှုံစိုက်ကြတော့ စေတနာတွေ အထူး အားကောင်း နေပါတယ်။

**စေတနာအားကောင်းလို့ အကျိုးကြီးမား**

စေတနာ အားကောင်းရင် အကြောင်း စေတနာ အားကောင်းတဲ့အလျောက် အကျိုးကြီးမားတယ် ဆိုတာကတော့ ပြောစရာမလိုဘူး၊ မြတ်စွာဘုရား မိန့်ကြားတာက ဒကာ ဒကာမတွေ သိတဲ့အတိုင်းပဲ "စေတနာကို ကံလို့ ငါဆိုတယ်"လို့ မိန့်တော်မူထားတယ်။ စေတနာဟာ အကျိုး တစ်စုံ တစ်ရာကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားပဲ။ ကံဆိုတာ အလုပ်၊ ထက်သန်တက်ကြွတဲ့ စေတနာကြောင့် ကိုယ်နဲ့လုပ်တဲ့အလုပ် ကာယကံ၊ နှုတ်နဲ့ပြောတဲ့အလုပ် ဝစီကံ၊ စိတ်နဲ့ ကြံတွေးတဲ့အလုပ် မနောကံတွေ ဖြစ်ပေါ်လာကြရတယ်။ ဒါကြောင့်ပဲ စေတနာကို ကံ=အလုပ် လို့မြတ်စွာဘုရား မိန့်ကြားတော်မူတာပါပဲ။

အဲဒီစိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ စေတနာ ရှိပြီဆိုရင် အဲဒီစေတနာနဲ့အတူ နှုတ်ကလဲ ပြောဆိုလာတယ်။

http://www.dhammadownload.com



စေတနာနဲ့အတူ ကိုယ်ကလဲပြုလုပ်လာတယ်။ အဲဒီ ပြုလုပ်မှု ပြောဆိုမှုတွေရဲ့ အကြောင်းအရင်းခံဖြစ်တဲ့ စေတနာဟာ အကြောင်းတရား အနေနဲ့ပါဝင်တော့ ဒီအကြောင်းကြောင့် အကျိုးဖြစ်ပေါ်တယ်။

စေတနာအင်အား ကြီးမားရင် ကြီးမားသလောက် ကြီးမားတဲ့အကျိုး ရတယ်။ အခုပြောခဲ့တဲ့အတိုင်းပဲ ကထိန်သင်္ကန်း လှူဒါန်းနိုင်တဲ့ အချိန်ကာလက တစ်လတာ ကလေးသာဖြစ်တော့ ဒီတစ်လကလေး အတွင်းမှာ ကထိန်အလှူ လှူဖြစ်အောင်ဆိုပြီး အထူး အားရုံစိုက် လုံ့လပန်းကြတော့ ဒါနစေတနာတွေက အထူးအားကောင်းနေတဲ့အတွက်ပဲ ဒီကထိန်အလှူဟာ ကြီးမားတဲ့အကျိုး ပေးနိုင်တယ်ဆိုတာဟာ အလွန် သဘာဝကျပါတယ်။

**ဆင့်ပွားအကျိုး** ဒီတော့ ဒါယကာ ဒါယိကာမတွေ အခု ဘာသိရသလဲ။ ဘုန်းကြီးတို့ တရားဟောတဲ့အခါမှာ တရားနာပရိသတ် နားလည် အောင် ရှင်းလင်းပြတဲ့ နည်းနဲ့ပဲ အစကတည်းက ဟောလာတာပဲ၊ ဒါကြောင့် နားလည်အောင် ရှင်းပြတာ ဆိုတော့ ဒကာ ဒကာမတွေ အချက် နှစ်ချက်တော့

http://www.dhammadownload.com



နားလည်လောက်ပြီလို့ ဘုန်းကြီး ထင်ပါတယ်။ ကထိန်သင်္ကန်း လှူဒါန်းခြင်းရဲ့ ထူးခြားချက်နှစ်ချက်။ နံပါတ်(၁) အချက်က သံဃာအား လှူဒါန်းတာဖြစ်တဲ့အတွက် ထူးခြားတယ်။ နံပါတ် (၂)က ဝိနည်းသိက္ခာပုဒ် အချို့ကို ကင်းလွတ်ခွင့် ရစေတဲ့အတွက် ထူးခြားတယ်။ ဒီအချက်နှစ်ချက်ကို သဘောပေါက်လောက်ပါပြီ။

အဲဒီအချက် နှစ်ချက်ကနေပြီး အဆွယ်အပွါး အဖြစ်ဖြင့် ထူးခြားတဲ့ အချက်တစ်ချက် ထွက်လာတယ်။ ဒါကတော့ ဘာလဲဆိုတော့ သံဃာအား လှူဒါန်းရတာ ဖြစ်တဲ့အတွက် ပုဂ္ဂိုလ် အစွဲအလန်း မရှိလို့ ဒါနစေတနာ ပိုအားကောင်းလာတယ်၊ သန့်ရှင်းလာတယ်၊ စင်ကြယ်လာတယ်၊ ပြီးတော့ ရဟန်းတော်များရဲ့ ဝိနည်းသိက္ခာပုဒ် အချို့မှ ကင်းလွတ်ခွင့် ရစေတယ်လို့သဘောပေါက်တော့ "သြော် သံဃာတော်အရှင်မြတ်များ တင်းတင်းကြပ်ကြပ် နေကြရတာ ဒီကထိန် ခင်းလိုက်တဲ့အတွက် ကထိန် အာနိသင်ရလို့မို့ ဝိနည်းသိက္ခာပုဒ် အချို့မှ ကင်းလွတ်ခွင့် ရပြီး ချောင်ချောင်ချိချိ သက်သက်သာသာ နေရရှာပြီ"လို့ စိတ်ထဲမှာ သိမြင် သဘောပေါက်တဲ့အတွက် စေတနာ ပိုပြီး ထက်သန် အားကောင်းလာပြန်တယ်။

http://www.dhammadownload.com



ဒီတော့ ဒီသံဃိကဒါနနဲ့ ဝိနည်းသိက္ခာပုဒ်မှ ကင်းလွတ်ခွင့်ရစေတဲ့ အကြောင်းကနေပြီး စေတနာ ထက်သန်အားကောင်းမှုဆိုတဲ့ ထူးခြားချက် တစ်ချက်ဟာ လဲပဲ ပေါ်ပေါက်လာပြန်တယ်။ တစ်ခါ အချိန်တိုင်း အချိန်တိုင်း ကထိန်သင်္ကန်း လှူဒါန်းပြီးတော့ ကထိန် ခင်းနိုင်တာမဟုတ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့အထိ တစ်ကျောင်းမှာ တစ်နှစ်မှ တစ်ကြိမ်သာ ကထိန်သင်္ကန်း လှူဒါန်းခွင့်ရတာဖြစ်လို့ ခက်ခဲရှားပါးတဲ့ ဒါနဖြစ်တဲ့ အတွက် စိတ်အာရုံ ပိုစိုက်ပြီး ကြိုးစားကြရတာ ဖြစ်ပြန်တော့ စေတနာထက်သန် အားကောင်းပြန်တယ်။ ဒီတော့ ဒီစေတနာ ထက်သန်အားကောင်းမှု ထူးခြားချက် ကြောင့်ပဲ တစ်ခြားဒါနတွေထက် ပိုပြီး အကျိုးကြီးမားတယ် ဆိုတာလဲ အလွန် သဘာဝကျပါတယ်။

**လုပ်သင့်တဲ့အလုပ်** အခုဘုန်းကြီးတို့ မန္တလေးအသင်းသူ အသင်းသားများ စုစုပေါင်းပေါင်း ညီညီညာညာ ပျော်ပျော်ပါးပါး ရွှင်ရွှင်လန်းလန်း ဝမ်းပန်း တသာနဲ့ တစ်နှစ်မှ တစ်ခါသာကြုံရတဲ့ ကထိန်သင်္ကန်း လှူဒါန်းရတဲ့ ဒါနကုသိုလ်ကို ပြုကြရပြီ။ အဲဒီ

http://www.dhammadownload.com



ကထိန်သင်္ကန်း လှူဒါန်းရခြင်းဆိုတဲ့ ဒါနကုသိုလ်ကို အကြောင်းပြုပြီးတော့ သံဃာတော် အရှင်မြတ်များကို ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်၊ ချိုချဉ် အရသာတွေ ဆက်ကပ်လှူဒါန်းလို့ သင်္ကန်းအစရှိတဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းတွေလဲ လှူဒါန်းလို့ ဒီဒါနကုသိုလ်တွေဟာ ဆက်ပြီးတော့ ပွါးများလာတယ်။ **ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော**=ကုသိုလ်တစ်ခုက တစ်ခြားကုသိုလ်တစ်ခုအား ပကတိအားဖြင့် အားကြီးသော အကြောင်းအနေနဲ့ ကျေးဇူးပြုလိုက်တဲ့အခါ အခြား ကုသိုလ်တစ်ခုက အကျိုးတရားအနေဖြင့် ဖြစ်ပေါ်လာရတယ်ဆိုတဲ့ ပဋ္ဌာန်းဒေသနာတော်ဟာ အလွန် သဘာဝကျတယ်။

ကထိန်သင်္ကန်း လှူဒါန်းခြင်းဆိုတဲ့ ဒါန ကုသိုလ်က အကြောင်းပြုလိုက်တဲ့အခါကျတော့ သံဃာတော်များကို သင်္ကန်း အစရှိသော ဝတ္ထုပစ္စည်းများ လှူဒါန်းခြင်းဆိုတဲ့ အကျိုးကုသိုလ်တွေ ဖြစ်ပေါ် လာရတယ်။ တစ်ခါ အဲဒီလို လှူဒါန်းခြင်းကြောင့်ပဲ ကထိန်သင်္ကန်း လှူလို့ရှိရင် "ဒီလို ကုသိုလ်ဖြစ်လို့ ဒီလိုကုသိုလ် တိုးပွားတယ်"လို့ ဟောကြားတဲ့ အနုမောဒနာတရားကို နာကြားရခြင်းဆိုတဲ့ ဓမ္မဿဝန

http://www.dhammadownload.com



ကုသိုလ်အကျိုးကိုလဲ ဖြစ်ပွားစေပြန်တယ်။ ဒါကြောင့် ကုသိုလ်တစ်ခုကို အကြောင်းခံပြီး ကုသိုလ်များစွာ တိုးပွားလာကြတာ ဖြစ်တဲ့အတွက်လဲပဲ ကြီးမားတဲ့ အကျိုးကို ပေးတယ်။ ဒါကြောင့်ပဲ ကထိန်သင်္ကန်း လှူဒါန်းခြင်းဟာ အင်မတန် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပဲလို့ သဘောပေါက်ဖို့ လိုပါတယ်။

**ဘာအကျိုးကို ရလိုသလဲ** အဲဒီလို အင်အားကောင်းတဲ့ ကုသိုလ်စေတနာတွေ စုပေါင်း ဖြစ်ပေါ်လာတော့ အဲဒီကုသိုလ်စေတနာတွေ တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးတရား အနေနဲ့ ဒကာ ဒကာမတွေ လောကီအကျိုး လိုချင် သလား၊ လောကုတ္တရာအကျိုး လိုချင်သလားဆိုတာ မိမိတို့ဘာသာ စဉ်းစား ဝေဖန်ရလိမ့်မယ်။

လောကီအကျိုးဆိုတာကတော့ လောကမှာ အသက်ရှည်ခြင်း၊ ရုပ်ဆင်းအင်္ဂါလှပခြင်း၊ ချမ်းသာ များခြင်း၊ ခွန်အား ကြီးမားခြင်း၊ ဉာဏ်ပညာ ကြီးမားထက်မြက်ခြင်း၊ ပစ္စည်းဥစ္စာ ကြွယ်ဝခြင်း၊ နေရ စားရ သောက်ရ အစစအရာရာမှာ အဆင့်အတန်း မြင့်ခြင်းဆိုတဲ့ လောကီအကျိုးတွေပဲ။

http://www.dhammadownload.com



လောကုတ္တရာ အကျိုးတရား ဆိုတာကတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီး ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုတာပဲ။

ဒီတော့ ကုသိုလ်တစ်ခု ပြုပြီဆိုရင် အဲဒီကုသိုလ်ရဲ့ စေတနာအင်အားကောင်းမှု အင်အားသေးမှုအပေါ်မှာ အခြေတည်ပြီးတော့ လောကီအကျိုးပဲဖြစ်ဖြစ် လောကုတ္တရာ အကျိုးပဲဖြစ်ဖြစ် အနည်းနှင့်အများ မိမိတို့ လိုလားတဲ့ အကျိုးကို ရမှာကတော့ သေချာတယ်။ ဘာကြောင့်လဲ ဆိုတော့ စိတ်ဓာတ်ရဲ့ စွမ်းအင်သတ္တိကြောင့်ပဲ။ စေတနာရဲ့ စွမ်းအင်သတ္တိကြောင့်ပဲ။

ဒီတော့ တကယ်လို့ ဒကာ ဒကာမတွေဟာ လောကီအကျိုးတွေ လိုချင်တယ်ဆိုရင်တော့ လောကီအကျိုးတွေကတော့ မတောင့်တပဲနဲ့ ရသွားတာပဲ။ သူ့အကြောင်းအကျိုး သဘာဝအားလျော်စွာ အသက်ရှည်ခြင်း၊ ရုပ်ဆင်းအင်္ဂါတင့်တယ်ခြင်း၊ ချမ်းသာများခြင်း၊ ခွန်အား ကြီးမားခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ပစ္စည်းဥစ္စာ ကြွယ်ဝခြင်းစတဲ့ လောကီအကျိုးတွေကတော့ အကြောင်းအကျိုး သဘာဝအရ ဖြစ်ပေါ်သွားတာပဲ။

http://www.dhammadownload.com



သို့သော် လောကုတ္တရာအကျိုးဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဆင်းရဲခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရေး အကျိုးဆိုတာကတော့ စိတ်က လိုလိုလားလား ဦးတည်မှသာလျှင် ရတယ်။ စိတ်ကိုက ဝဋ်ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ လျှင်မြန်စွာ မျက်မှောက်ပြုဖို့ မလိုလားလို့ ဦးတည် မထားရင်တော့ ဒီလောကုတ္တရာ အကျိုးထူးကို မရနိုင်ဘူး။ သို့သော် လိုလားလို့ စိတ်ကို အဲဒီ လောကုတ္တရာ အကျိုးဘက်ကို ဦးတည်ထားရင်တော့ ဒီကုသိုလ် အကြောင်း အထောက်အပံ့ကြောင့်ပဲ မဂ်ဉာဏ်ဖိုလ် ဉာဏ်ကို ရနိုင်တယ်။ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တယ်။

**ဆင်းရဲငြိမ်းဖို့ကို ဦးတည်ထားပါ**

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီကနေ့ တပျော် တပါးကြီး သိုက်သိုက်ဝန်းဝန်း သိုင်းသိုင်းဝိုင်းဝိုင်း မဟာဗောဓိကျောင်းမှာ ပရိယတ္တိ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင် နေကြတဲ့ သံဃာတော် အရှင်မြတ်များ ကထိန်ခင်းဖို့ရာ လှူဒါန်းရတဲ့ ဒီကထိန်သင်္ကန်း ဒါနကုသိုလ်၊ အခြား

http://www.dhammadownload.com



အခြားသော လှူဖွယ်ပစ္စည်းများ လှူဒါန်းတဲ့ ဒါန ကုသိုလ်၊ ဆွမ်း ခဲဘွယ် ဘောဇဉ် ချိုချဉ်အရသာ စသည့် လှူဒါန်းရတဲ့ ဒါနကုသိုလ်၊ ရှင်တော်မြတ်ဘုရား ၏ တရားတော်ကို နာကြားရခြင်း ဓမ္မဿဝနကုသိုလ်၊ အဲဒီကုသိုလ် တွေကြောင့် ရုပ်ဆင်းရဲ နာမ်ဆင်းရဲတွေနဲ့ ရောနေတဲ့ လောကီကျိုး ဦးတည်ချက် ရည်ရွယ်ချက် မထားဘဲ ဆင်းရဲမဖက် ချမ်းသာသက်သက်ဖြစ်တဲ့ လောကုတ္တရာ အကျိုးဖြစ်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုရေးကိုပဲ ဦးတည်ချက်ထားဖို့ ပိုပြီး အရေးကြီးပါတယ်။ အဲဒီလို ဦးတည်ပြီး လှူဒါန်းရင် ဦးတည်ချက်မထားတဲ့ လောကီကျိုးကလဲပဲ သူ့အလို အလျောက် ပါဝင်ပြီး ဖြစ်တာပါပဲ။

**မဂ်လမ်းပေါ်မှ မြတ်ဒါန**

ဒါနကုသိုလ်ကြောင့် ဖြစ်လေရာဘဝမှာ မတောင့်တရဘဲ ကြွယ်ကြွယ်ဝဝ ချမ်းချမ်းသာသာနဲ့ လူ့စည်းစိမ် ချမ်းသာတွေကို ခံစား စံစားရတယ်ဆိုတာကတော့ ရရှိမြဲ သာမန်အကျိုးပါပဲ။ ဒီအကျိုးလောက်နဲ့ အားရမနေဘဲ ဒီထက်ပိုပြီး ကောင်းမြတ်တဲ့အကျိုးကို ဦးတည်ထားဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့

http://www.dhammadownload.com



လူ့စည်းစိမ် နတ်စည်းစိမ်စတဲ့ အကျိုးတွေဟာ ဖြစ်တတ် ပျက်တတ်တဲ့ ရုပ်နာမ်တွေနဲ့ မကင်းတဲ့အတွက် ဆင်းရဲနဲ့ ရောယှက် နေပါတယ်။ ဒါကြောင့် ဆင်းရဲမဖက် ချမ်းသာသက်သက် ဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျှင်မြန်စွာ မျက်မှောက်ပြုရေးကိုသာ ဦးတည်ချက်ထားရင် ဒီဒါနဟာ ကောင်းသော အကြောင်းအထောက်အပံ့ ဖြစ်နိုင်ပါတယ်။

**မှတ်လောက်တဲ့** ဒါနပြုရာမှာ စိတ်ထားမှန် ဦးတည်ချက်

**ဝဋ္ဋသာဓက** မှန်လို့ လောကီကျိုး လောကုတ္တရာအကျိုး

နှစ်မျိုးလုံးရတဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က အဖြစ်အပျက် တစ်ခုကို သတိရမိပါတယ်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် အခါက **ရာဇဂြိုဟ်**ပြည်မှာ **မဟာသေန**ဆိုတဲ့ ဗြာဟ္မဏ သူကြွယ်ကြီးတစ်ယောက် ရှိခဲ့ဖူးပါတယ်။ သူဟာ **အရှင်သာရိပုတ္တရာ**ရဲ့ ဖခင် **ဝင်္ဂန္တ** ဗြာဟ္မဏကြီးရဲ့ မိတ်ရင်း ဆွေရင်းဖြစ်ပြီး အရှင်သာရိပုတ္တရာကို အရှင်မြတ်တစ်ပါးလို ကြည်လဲကြည်ညို၊ သားရဟန်း တစ်ပါးလို ခင်လဲ ခင်မင်ပါတယ်။ သခါ်ရ သဘောအရ (တဖြည်းဖြည်း ပစ္စည်းတွေလျှောကျ ပျက်စီးသွားတော့)

http://www.dhammadownload.com



နောက်ဆုံးမှာ တစ်နေ့စာ တစ်နေ့ ရှာစားရတဲ့ အခြေအနေအထိ ဒီဗြဟ္မဏကြီး ဆင်းရဲသွားပါတယ်။ ဒီတော့ ရှေးကလို မလှူနိုင် မတန်းနိုင်တော့ဘူးပေါ့။

ပစ္စည်းပစ္စယ ပြည့်စုံနေတဲ့အခိုက်မှာ ဒီအတိုင်းပဲ အမြဲပြည့်စုံနေလိမ့်မယ်လို့ ပစ္စည်းမာန်တက်ကာ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ သံဃာမှန်း မသိ လောက်အောင်၊ မိုးမမြင် လေမမြင် ဘဝင်ကိုင်နေတဲ့ လူတွေ အတော် သတိချပ်စရာ ကောင်းပါတယ်။ ဖြစ်ပေါ်လာပြီးရင် အခြေအနေ တစ်ရပ်တည်းမှာ တည်မြဲမနေဘဲ ပျက်စီးရတာဟာ တစ်လောကလုံးရဲ့ သဘာဝပဲ။

ဗြဟ္မဏကြီးဟာ တစ်နေ့စာ တစ်နေ့ ရှာစားရလို့ မလှူဒါန်းနိုင်သော်လဲပဲ **အရှင်သာရိပုတ္တရာကိုတော့** ကြည်ညိုလျက် ခင်မင်လျက်ပါပဲ။ သာသနာတော်ထဲမှာ ရှိတဲ့ သံဃာတော်အရှင်မြတ်တွေကို ဒကာ ဒကာမတွေ ကြည်ညိုတယ်ဆိုတာ ကြည်ညိုမှု သက်သက်ကတော့ ခပ်ရှားရှားပါပဲ။ အနည်းနဲ့အများ ခင်မင်မှုကလေး ကတော့ ပါတာပါပဲ။ ကျေးဇူးတင်လို့ ခင်မင်တာ၊ သဘောကောင်းလို့ အပြောကောင်းလို့ ခင်မင်တာ၊ အသံကောင်းလို့ ခင်မင်တာ၊ ရုပ်ကောင်းလို့ ခင်မင်တာ

http://www.dhammadownload.com



စသည်ဖြင့် ခင်မင်မှုကလေးတွေကတော့ ကြည်ညိုမှု၊ ယုံကြည်မှု၊ သဒ္ဓါတရားနှင့်တွဲလျက် ပါလျက်ပဲ များပါတယ်။ ယခု ဒီပုဏ္ဏားကြီးကလဲ အရှင်သာရိပုတ္တရာကို ကြည်ညိုတာဟာ သားလိုခင်မင်တာလဲ ပါနေတယ်၊ သံယောဇဉ်ပေါ့လေ။

တစ်နေ့တော့ အရှင်သာရိပုတ္တရာက ကျေးဇူးများတဲ့ ဗြဟ္မဏကြီးဖြစ်လို့ သူ့ကို ချီးမြှောက်ချင်လို့ ဗြဟ္မဏကြီးရဲ့ အိမ်ရှေ့မှာ ဆွမ်းရပ်တယ်။ ဒါကို ဗြဟ္မဏကြီးက မြင်ပါတယ်။ ဒါပေမယ့် သူ့မှာ လောင်းစရာ ဘာမှမရှိဘူး။ ဒါကြောင့် အရှင်သာရိပုတ္တရာ မမြင်ရအောင် ပုဏ္ဏားကွယ်မှာနေပြီး အသာ ချောင်းကြည့်နေတယ်။ အတော်ကြာလို့ ဆွမ်းလောင်းသူ မပေါ်လာတော့ အရှင်သာရိပုတ္တရာလဲ ကြွသွားတယ်။

အဲဒီလိုနဲ့ အရှင်သာရိပုတ္တရာဟာ နှစ်ရက် သုံးရက်ဆက်ပြီးတော့ ဒီဗြဟ္မဏကြီးရဲ့ အိမ်ရှေ့မှာ ဆွမ်းရပ်တယ်။ ဒါပေမယ့် ဒီဗြဟ္မဏကြီးဟာ ဘာမှ လောင်းစရာမရှိတဲ့ အတွက် ဆွမ်းမလောင်းနိုင်ဘူး။ စိတ်ထဲကတော့ ငါ့သား အရှင်သာရိပုတ္တရာ ကြွလာတာ ငါဘာမှ မလောင်းနိုင်ဘူး၊ လောင်းချင်လိုက်တာ၊ လှူချင်လိုက်တာ၊ ဒါနစေတနာတွေကတော့ အင်မတန်

http://www.dhammadownload.com



ထက်ထက်သန်သန်ကြီး တက်တက်ကြွကြွကြီး ဖြစ်နေတယ်။ ဖြစ်နေပေတဲ့ လှူစရာပစ္စည်းက ဘာမှမရှိ၊ လောင်းစရာက ဘာမှမရှိတော့ မလှူနိုင် မလောင်းနိုင်ဘူး။

ဗြဟ္မဏကြီးမှာ မလှူနိုင် မလောင်းနိုင်လို့ စိတ်အားငယ် ဝမ်းနည်းတာက တစ်မျိုး၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို ဖူးမျှော်ရလို့ မိမိအိမ်ရှေ့မှာ ဆွမ်းရပ်လို့ ဝမ်းသာပြီး တက်ကြွနေတဲ့စိတ်က တစ်မျိုး၊ လှူဒါန်းချင်တဲ့ စေတနာတွေက တစ်မျိုး၊ အဲဒီလို ဖြစ်နေတယ်။ ဒါနဲ့ တစ်နေ့တော့ အရပ်ထဲ အိမ်တစ်အိမ်က ဗြဟ္မဏစာပေ ဝေဒတွေ ရွတ်ဖတ်သရဇ္ဈာယ်ဖို့ လာပြီးပင့်တော့ ဒီဗြဟ္မဏကြီး လိုက်သွားတယ်။ အဲဒီအိမ်မှာ ဗြဟ္မဏစာပေ ဝေဒတွေကို ရွတ်ဖတ်ပြီးတဲ့အခါ ဉာဏ်ပူဇော်ခ အနေနဲ့ နို့ထမင်းတစ်ယောက်စာနဲ့ ဖျင်ပိုင်းတစ်ပိုင်း အိမ်ရှင်က လှူလိုက်တယ်။

**ပိတ်ပိုင်းလှူတဲ့ အစဉ်အလာ** — ဒီဖျင်ပိုင်းလှူတဲ့ အလေ့အထဟာ အဲဒီ ဗြဟ္မာတွေက စတာလား မသိပါဘူး။

ဘုန်းကြီးတို့ မြတ်စွာဘုရား လက်ထက်ကာလ အဲဒီလိုပဲ သင်္ကန်းလှူတဲ့အခါမှာ တချို့ ဒကာ

http://www.dhammadownload.com



ဒကာမတွေ သင်္ကန်းတစ်ထည်စာ မလှူနိုင်တဲ့အတွက် တစ်ပိုင်းတစ်စ လှူတာတွေရှိတယ်။ တစ်ထည်စာ လှူနိုင်တာ အတော်ရှားပုံရပါတယ်။ အဲဒီလို တစ်ပိုင်းတစ်စ ရတဲ့ ဖျင်ပိုင်း ပိတ်ပိုင်းကလေးတွေကိုပဲ စပ်ဟပ်ချုပ်ပြီး သံဃာတော်အရှင်မြတ်များ သင်္ကန်းအဖြစ် ဝတ်ကြရတယ်။ အဲဒီအလေ့အထဟာ အခုအထိ သီရိလင်္ကာမှာတော့ ရှိနေတယ်။ အဲဒီ သီရိလင်္ကာမှာတော့ ပိတ်စကလေး သုံးတောင်စလောက် လှူတယ်။ တခါတရံလဲ နှစ်တောင်စလောက် လှူတယ်။ တခါတရံကျတော့လဲ ပိတ်အုပ်ကြီး တစ်အုပ်လုံး လှူတယ်။ တစ်အုပ်လုံး လှူတယ်ဆိုတာကတော့ တစ်ပါး ပိတ်အုပ်တစ်အုပ် လှူတာတော့ မဟုတ်ဘူး။ သံဃာတော် ၁၀ ပါး ပင့်တယ်ဆိုရင် သံဃာ ၁၀ ပါးကို ရည်စူးပြီး ပိတ်အုပ်ကို လှူလိုက်တာပဲ။ အဲဒီ ပိတ်အုပ်ကိုမှ သံဃာ ၁၀ ပါးက ဝေပြီးတော့ ယူရတယ်။ အဲဒီ အစဉ်အလာ ယခုအထိ သီရိလင်္ကာမှာတော့ ရှိနေသေးတယ်။

http://www.dhammadownload.com



သမာဓိရစေတဲ့အဝတ်နဲ့ ပြီးတော့ ကျမ်းဂန်မှာ ကျောင်း စိတ်ဖြူစေတဲ့အဝတ် ကန် ဘုရားသွားမယ်၊ ဘုရား သွားဖူးမယ်၊ တရားသွားနာမယ် ဆိုယင် ဩဒါတဝတ္ထဝသနော အဝတ်ဖြူ ဝတ်သွားကြ တယ်လို့ ဖေါ်ပြထားတာရှိတယ်။ အဲဒါလဲပဲ သီရိလင်္ကာ မှာတော့ အခုအထိပဲ ဘုရားကျောင်းကန်သွားရင် ဥပုသ်စောင့်သွားသွား၊ တရားနာသွားသွား၊ ဘယ်ကိုပဲ သွားသွား အဝတ်ဖြူကိုပဲဝတ်သွားကြတယ်။ အဝတ် ကြောင်ကြောင် ကျားကျားတွေ မဝတ်ကြဘူး၊ ခုနစ်နှစ် ရှစ်နှစ် သမီးလေးတွေ ကအစ ဂါဝန်အဖြူကလေးနှင့် တဘက်အဖြူကလေးပတ်လို့ သွားကြတယ်။ ကောင်းတဲ့ အလေ့အထပါပဲ။

ဘုန်းကြီးတို့ဆီတော့ များသောအားဖြင့် တစ်ချို့ နေရာတွေမှာ ယောဂီရောင်ဆိုပြီးတော့ အညိုရောင် ဝတ်သွားကြတယ်။ အညိုရောင်ဝတ်သွားတော့ တစ်မျိုး ပေါ့လေ။ အညိုရောင်ဆိုတာက စိတ်တည်ငြိမ်မှု သမာဓိကို အားပေးတာပေါ့။ အဖြူကတော့ စိတ်ဓာတ် ဖြူစင်မှုကို အားပေးတယ်။ နှစ်မျိုးလုံး တစ်မျိုးစီ ကောင်းတာချည်းပဲ။

http://www.dhammadownload.com



**မသင့်တော်တဲ့အဝတ်** ဒါပေတဲ့ အဲဒီလို ကျောင်းကန် ဘုရား သွားတဲ့ အခါမှာ ကြောင်ကြောင်ကျားကျား အဆင်ဆန်းတွေ၊ ဘာလူမျိုးမှန်း မသိရလောက်အောင် ဆန်းဆန်းပြားပြား ချုပ်ထားတာတွေ၊ ဟိုရှိ ညြတ္တပ္ပကင်းတဲ့ မလုံမလဲ အကျီတွေ ဝတ်သွားကြတာကတော့ တော်တော် မတော်တဲ့ ကိစ္စပဲ။ အဲဒါတွေကတော့ ရှောင်နိုင်ရင် အကောင်းဆုံးပါပဲ။

ဗြဟ္မဏကြီးဟာ ဖျင်ပိုင်းတစ်ပိုင်းနဲ့ နို့ထမင်း တစ်ယောက်စာရတော့ သိပ်ဝမ်းသာသွားတယ်။ ဒီကနေ့ တော့ ငါ့သား အရှင်သာရိပုတ္တရာ ကြွလာရင် ဒီဖျင်ပိုင်းလဲ လှူမယ်၊ ဒီနို့ဆွမ်းလဲလှူမယ်။ ရလာကတည်းက စိတ်ထဲမှာ ဝမ်းသာလို့မဆုံးဘူး။ အိမ်အပြန်လမ်းမှာ မြေကြီးတောင် ခြေထောက်နင်းမိတယ်လို့ မထင်ဘူး။ စိတ်က တက်ကြွနေလို့ ရုပ်ကလဲ ပေါ့ပါးနေတော့ မြေကြီးကို ထိတယ်လို့တောင် မထင်ပဲဖြစ်နေတယ်။

အိမ်ပြန်ရောက်လို့ မကြာခင်ပဲ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကလဲ ကြွနေကြအတိုင်း ဆွမ်းလာရပ် တယ်။ ဒီတော့ ဗြဟ္မဏကြီးဟာ ဝမ်းသာအယ်လဲနဲ့ အရင် နေ့တွေလို ပုန်းမနေတော့ဘဲ ချက်ချင်း

http://www.dhammadownload.com



အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးထံသွားပြီး "အရှင်ဘုရား၊ အိမ်ထဲ ကြွတော် မူပါ၊ ဆွမ်းလောင်းပါရစေ၊ သက်န်းလဲ ကပ်ပါရစေ"လို့ လျှောက်ထားတော့ အရှင်သာရိပုတ္တရာ ကလဲ ကြွလိုက်သွားတယ်။ အိမ်ထဲရောက်တော့ အခင်းကလေး ကျကျနန ခင်းပြီး အရှင်သာရိပုတ္တရာကို အဲဒီမှာထိုင်ဖို့ လျှောက်တယ်။

**နို့ဆွမ်းနှင့် ဖျင်ပိုင်းအလှူ**

အရှင်သာရိပုတ္တရာ ထိုင်ပြီးတော့မှ အရှင်မြတ်ရဲ့ သပိတ်ထဲကို နို့ထမင်း လောင်းလှူလိုက်တယ်။ တစ်ဝက်လောက် ရှိတဲ့အခါ အရှင်သာရိပုတ္တရာက တားတဲ့အနေနဲ့ သပိတ် ပေါ်မှာ လက်နဲ့ကာလိုက်တယ်။ ဒီတော့ ဗြဟ္မဏကြီးက "အရှင်ဘုရား၊ ဒီဆွမ်းဟာ တစ်ပါးစာ တစ်ယောက်စာ ဆွမ်းပါ၊ တပည့်တော်ရဲ့ ပစ္စုပ္ပန်အရေး ကြည့်ရှုတော် မမူပါနဲ့၊ သံသရာအရေးကိုပဲ ကြည့်ပြီးတော့ အားလုံးကို အလှူခံတော်မူပါဘုရား"လို့ လျှောက်ထားတော့ အရှင် သာရိပုတ္တရာကလဲ ချီးမြှောက်ချင်တာနဲ့ လက်ကို ဖယ်လိုက်ပြီး နို့ထမင်းအားလုံးကို အလှူခံလိုက်တယ်။ ပြီးမှ ဗြဟ္မဏကြီးက သူရလာတဲ့ ဖျင်ပိုင်းကလေးကို သက်န်းအဖြစ် အရှင်သာရိပုတ္တရာကို လှူတယ်။

http://www.dhammadownload.com



စေတနာကောင်းလျှင် လှူဖွယ်ပစ္စည်း အနေနဲ့တော့
အကျိုးကြီးမား ဘာမှ တန်ဘိုးရှိလှတာ မဟုတ်
ဘူး။ နို့ထမင်း တစ်ယောက်စာ

နဲ့ ပိတ်ပိုင်း ကလေး၊ ရှိလှမှ နှစ်တောင် သုံးတောင်ပေါ့။ သို့သော်လဲ ဒီဗြဟ္မဏကြီး စိတ်သန္တာန်မှာ ဖြစ်နေတဲ့ အရှင်သာရိပုတ္တရာကို လှူဒါန်းလိုတဲ့ ဒါနစေတနာက အားသေးသလား၊ အားကြီးသလား။ (အားကြီးပါတယ် ဘုရား။) တစ်ရက် နှစ်ရက်အတွင်း ဖြစ်ပေါ်လာတဲ့ ဒါနစေတနာလား။ (မဟုတ်ပါဘုရား။) ရက်ပေါင်းများစွာ စုဆောင်းလာရတဲ့ ဒါနစေတနာနော်။ ဒီတော့ ဒါနစေတနာဟာ အင်မတန် အားကောင်းတာပေါ့။

ဒါဖြင့်ရင် ဘုန်းကြီးတို့ မန္တလေးအသင်း ဒကာ ဒကာမတွေ ကထိန်သင်္ကန်း လှူဒါန်းဖို့ စတင်ပြီးတော့ စုဝေးတိုင်ပင် ဆွေးနွေးရတဲ့အချိန်နဲ့ ကထိန်သင်္ကန်း လှူဒါန်း ရတဲ့အချိန် ဘယ်လောက်များ ကွာသလဲ။ ခန့်မှန်းခြေ လေးလလောက်ကွာမယ်။ ဟိုမှာ ရက်ပိုင်း လောက် စုဆောင်းရတဲ့ စေတနာတောင် ဒီလောက် အားကောင်းနေရင် လပိုင်း စုဆောင်းရတဲ့ ဒီဒကာ ဒကာမတွေရဲ့ ဒါနစေတနာဟာ ဒီထက်ပိုပြီး အင်အား မကောင်းပေဘူးလား။ အင်မတန် အင်အားကောင်းတာပေါ့။

http://www.dhammadownload.com



**မှန်ကန်သောစိတ်ထားနှင့် ဦးတည်ချက်**

အဲဒီလို လောင်းလျှပြီးတော့ ဗြဟ္မဏကြီးက ဆုတောင်းတယ်။ ဘယ်လို ဆုတောင်းသလဲဆိုတော့ "ဒီနို့ဆွမ်းနှင့် သက်န်းကို လှူဒါန်းရတဲ့ ဒါနကုသိုလ်ကြောင့် အရှင်ဘုရားများသိတဲ့ တရားကို တပည့်တော် သိရပါလို၏ ဘုရား"လို့ ဆုတောင်းတယ်။ အရှင်ဘုရားများ သိတဲ့ တရားကို သိရပါလို၏တဲ့။ ကဲ သူဆုတောင်းတာဟာ လောကီ ဆုတောင်းလား၊ လောကုတ္တရာ ဆုတောင်းလား။ (လောကုတ္တရာ ဆုတောင်းပါ ဘုရား။) အရှင်သာရိပုတ္တရာက ဘာသိထားသလဲ။ အရိယသစ္စာလေးပါးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ထိုးထွင်း သိတာ မဟုတ်လား။ အဲဒါ လောကီလား၊ လောကုတ္တရာ လား။ (လောကုတ္တရာပါ ဘုရား။) သူ့ရည်ရွယ်ချက်ဟာ ဝဋ်ဆင်းရဲ လည်ရေးလား၊ ဝဋ်ဆင်းရဲ ငြိမ်းရေးလား။ (ဝဋ်ဆင်းရဲ ငြိမ်းရေးပါဘုရား။) ဝဋ်ဆင်းရဲငြိမ်းရေးဘက် ဦးတည်ထားတယ် မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အတုယူစရာ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား။) ဒီတော့ အဲဒီလို ဆုတောင်းတော့ အရှင်သာရိပုတ္တရာလဲ တောင်းတဲ့ဆုနဲ့ ပြည့်စုံစေလို့ ဆုပေးပြီး ပြန်ကြွသွားတယ်။ ဗြဟ္မဏကြီးလဲ သူ့ဒါနကို မကြာခဏ

http://www.dhammadownload.com



တွေးမိတိုင်း တွေးမိတိုင်း ဝမ်းသာနေတယ်။ တော်လိုက်တာ၊ ငါသား အရှင် သာရိပုတ္တရာ ဆွမ်းခံကြွတဲ့အချိန်နဲ့ ငါ့မှာ လှူဖွယ်ဝတ္ထုပစ္စည်း ရှိတဲ့အချိန် တိုက်ဆိုင်လို့ လှူလိုက်ရတယ်။ ဝမ်းသာ လိုက်တာ၊ ဝမ်းသာလိုက်တာနှင့် တွေးမိတိုင်း ဝမ်းသာနေတယ်။ ဝမ်းသာတိုင်း ဝမ်းသာတိုင်းဟာ ဒါနကုသိုလ် စေတနာတွေ တိုးတိုးပြီး အားကောင်းလာတယ်။ ဒါနဲ့ အသက်အတိုင်းနေပြီး ဒီဗြာဟ္မဏကြီး ကွယ်လွန်တော့ သာဝတ္ထိပြည်က အရှင်သာရိပုတ္တရာရဲ့ အလုပ်အကျွေး သူဌေးတစ်ဦးရဲ့ ဇနီးဝမ်းထဲမှာ သွားပြီး ပဋိသန္ဓေနေတယ်။

**မိခင်လောင်း၏ ချင်ခြင်း** ဒီကလေး ကိုယ်ဝန်ရှိနေတုန်းမှာ သူ့မိခင်ဟာ အရှင်သာရိပုတ္တရာ ဦးဆောင်တဲ့ သံဃာငါးရာကို နို့ဆွမ်း မပြတ်မကျဲ ကပ်လှူလိုတဲ့ ဆန္ဒ ဖြစ်ပေါ်တယ်။ ဖန်ရည်ဆိုးတဲ့ အဝတ်အညိုဝတ်၊ သံဃာ့အစွန်မှာထိုင်ပြီး သံဃာတော်တွေရဲ့ အကြွင်းအကျန် နို့ဆွမ်းကို စားလိုတဲ့ ဆန္ဒလဲ ဖြစ်ပေါ်နေတယ်။ ဒါကြောင့် သူ့မိဘတွေဟာ သူ့ အလိုဆန္ဒအတိုင်း အားလုံးဖြစ်အောင် စီစဉ်ပေးကြတော့ ဒီသူဌေးကတော်ကလေး နို့ဆွမ်းလဲလှူရ၊ ယောဂီရောင်

http://www.dhammadownload.com



ဝတ်ပြီး သံဃာအစွန်မှာ ထိုင်ပြီး ဆွမ်းကြွင်းလဲ စားရတယ်။ ဒီတော့မှ သူ့ဆန္ဒက ပြေပျောက်သွားတယ်။ ချင်ခြင်း ငြိမ်းသွားတာပေါ့လေ။

နောက်လဲ ကလေးမဖွားခင် မင်္ဂလာအမျိုးမျိုး၊ ဖွားပြီးနောက် မင်္ဂလာအမျိုးမျိုး ပြုရာမှာလဲ အရှင်သာရိပုတ္တရာနဲ့ ရဟန္တာငါးရာကိုပဲ နေ့ဆွမ်းချည်း ကပ်ကြတယ်။

**ကလေး၏ ကမ္ဗလာဒါန** တစ်နေ့မှာ ကင်ပွန်းတပ်မင်္ဂလာဒါန ကုသိုလ် ပြုလုပ်တော့ ကလေးကို ပွေ့ချီပြီး အရှင်သာရိပုတ္တရာထံ ခေါ်ကြတဲ့အခါ ကလေးက သူ့ကို ခင်းသိပ်ထားတဲ့ တစ်သိန်းတန် ကမ္ဗလာကို လက်ချောင်းကလေးတွေနဲ့ ချိတ်ထားတယ်။ လူကြီးတွေက ကမ္ဗလာကို ဆွဲလိုက်တော့ ကလေးကငိုတယ်။ ဒါကြောင့် ဆွဲမယူတော့ဘဲ ကလေးရော ကမ္ဗလာပါ အရှင်မြတ်ကြီးထံ ယူသွားကြတယ်။ အရှင်မြတ်အနား ရောက်တဲ့အခါ ကလေးက ကမ္ဗလာကို ချိတ်ကိုင်ထားတဲ့ လက်ချောင်းကလေးကို ဖြေချလိုက်တော့ ကမ္ဗလာလေးက အရှင်မြတ်ကြီး အနားမှာ ကျသွားတယ်။ ဒီတော့မှ မိဘများက

http://www.dhammadownload.com



"ဩော်... ကလေးက ကမ္ဗလာကို လှူချင် တာကိုး"လို့ ရိပ်မိကြပြီး "အရှင်မြတ်ရဲ့ တပည့် လှူဒါန်းတဲ့ ကမ္ဗလာကို အလှူခံတော်မူပါဘုရား"လို့ လျှောက်ပြီး ကမ္ဗလာလေးကို အရှင်သာရိပုတ္တရာအား ကပ်လှူလိုက်ကြတယ်။ "ကလေးရဲ့ နာမည်က ဘယ်သူတဲ့လဲ"လို့ အရှင်မြတ်ကမေးတော့ "အရှင်ဘုရားရဲ့ ငယ်နာမည်အတိုင်း **တိဿ**ပါဘုရား"လို့ လျှောက်ကြတယ်။ အရှင်သာရိပုတ္တရာ ရဲ့ ငယ်နာမည်က ဥပတိဿကိုး။

ကလေး ခုနစ်သားရှိတဲ့အခါ ကလေးက ကိုရင်ဝတ်ပေးဖို့ ရှင်ပြုပေးဖို့ ပူဆာတယ်။ မိဘတွေကလဲ သဘောတူတယ်။ ဒီကလေးဟာ မွေးလာကတည်းက ပါရမီပါတဲ့ ကလေးပဲ။ ဒါကြောင့် အရှင်သာရိပုတ္တရာကိုပဲ ပင့်ပြီး ကလေးကို ရှင်ပြုပေးဖို့ အပ်နှံကြတယ်။ အရှင်သာရိပုတ္တရာက ကျောင်းကိုခေါ်ပြီး ရှင်ပြုပေးတယ်။ ခုနစ်နှစ် သားအရွယ်မှာ ရှင်ပြုပေးတာမို့ ကလေးကို ရှင်ပြုတဲ့ ကုသိုလ်အထိမ်းအမှတ်နဲ့ ဇေတဝန်ကျောင်းမှာ သံဃာတော်တွေကို ခုနစ်ရက်ပတ်လုံး နေ့ဆွမ်းကပ်ကြတယ်။

http://www.dhammadownload.com



**အလုပ်ကောင်းလို့ ကံကောင်းတယ်**

ရုံးရက်မြောက်တဲ့နေ့ကျတော့ ကိုရင်ကလေး ဆွမ်းခံထွက်တယ်။ ခုနစ်နှစ်သား ကိုရင်ကလေး ဆွမ်းခံထွက်လာတဲ့အခါ ရှေးက ပြုခဲ့တဲ့ ကုသိုလ်ကံကလဲ အကျိုးပေးခွင့် အချိန်ရောက်၊ သူကိုယ်တိုင်ကလဲ မြို့မျက်နှာဖုံးဖြစ်တဲ့ သူဌေးသူကြွယ်ရဲ့သား၊ သူကိုယ်တိုင်က လိမ္မာရေးခြားရှိလို့ နာမည်ကလဲ ရပြီးသားဖြစ်ပြန်၊ အခု ကိုရင်ဝတ်တဲ့အခါကျပြန်တော့လဲ သင်္ကန်းကလေးနဲ့ ကတုံးစိမ်းစိမ်းကလေးနဲ့ အသားက ဝါဝါဝင်းဝင်းကလေးနဲ့ဆိုတော့ ပိုပြီးတော့ ကြည်ညိုစရာ ကောင်းနေတယ်။ လူတွေက ကြည်ညိုကြတယ်။ ဒါကြောင့် ဆွမ်းတွေ လောင်းလိုက်ကြတာ ဆွမ်းအုပ်ပေါင်း ငါးရာတောင်မှပဲ။ ပိတ်ပိုင်း ငါးရာလဲ လှူလိုက်ကြတယ်။ ရှေးကပြုခဲ့တဲ့ ဒါနကုသိုလ်က အချိန်ကျလို့ အကျိုးပေးတာပဲ။ နောက်တစ်နေ့ ဆွမ်းခံထွက်ရပြန်တော့လဲ အလျှင်နေ့ကထက်ကို ပိုရပြန်တယ်။

**ဘုန်းဆိုတာ ရှေးကပြုခဲ့တဲ့ ကောင်းမှုတွေ**

ဒီလိုနဲ့ ကိုရင်ကလေးက ဘုန်းကြီးတဲ့ ကိုရင်ကလေး ဖြစ်နေတယ်၊ ဘုန်းဆိုတာ ရှေးကပြုခဲ့တဲ့ ကုသိုလ်ကံကိုပြောတာ။ ဘုန်းကြီးတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်ဆိုတာ ရှေးကကုသိုလ်ကံ မြောက်မြားစွာ ပြုခဲ့တဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုတယ်။ ဒီကိုရင်ကလေး ဘုန်းကြီးတယ် ဆိုတော့ ရှေးက ဘာကုသိုလ်များ ပြုခဲ့သလဲ၊ ရှေးဘဝက နို့ထမင်း တစ်ပါးစာနဲ့ ဖျင်ပိုင်းတစ်စ၊ အခုဘဝ ကမ္ဗလာလေးတစ်ထည်၊ ဒါပဲ လှူခဲ့တယ်။ နည်းနည်းကလေး ပါလား၊ ပစ္စည်းဝတ္ထုက သေးသိမ်သော်လဲ သူ့ရဲ့ စေတနာက အင်အားကြီးမားတော့ သူဟာ ဘုန်းကြီးတဲ့ ပုဂ္ဂိုလ် ဖြစ်လာရတယ်။ ဘုန်းကြီးတယ်ဆိုတာ အလကားသက်သက် ကြီးတာမဟုတ်ဘူး။ ရှေးက ဒါန ကုသိုလ်တွေကို စေတနာ ထက်ထက်သန်သန်နဲ့ ပြုခဲ့လို့ ဘုန်းကြီးတာ။

**ကိုရင်တိဿ၏ ကမ္ဗလာ တစ်ထောင်အလှူ**

ဆောင်းရာသီ တစ်နေ့ နံနက်စောစော အချိန်မှာ ရဟန်းတော်တွေက ချမ်းလို့ မီးလှုံနေကြတယ်။ နံနက်စောစော ကိုရင်တိဿက ဟိုကျောင်းဒီကျောင်း လျှောက်သွားရင်း ရဟန်းတော်တွေ မီးလှုံနေတာ တွေ့တော့ ကိုရင်လေးက—

"အရှင်ဘုရားများ မီးလှုံနေကြသကိုး၊ ချမ်းရင် သင်္ကန်းခြုံကြပေါ့ဘုရား၊ သင်္ကန်းခြုံထားယင် အချမ်း လုံပါတယ်"

http://www.dhammadownload.com



"အမယ် ကိုရင်က ပြောတော့ လွယ်လိုက်တာ၊ ခြုံသင်္ကန်းရှိမှ ခြုံနိုင်မှာပေါ့ ကိုရင်ရဲ့၊ သင်္ကန်းမှ မရှိဘဲ ဘယ်လိုလုပ် ခြုံမလဲ။ မီးပဲလှုံရတာပေါ့၊ ဒို့က ကိုရင့်လို ဘုန်းမကြီးဘူးကွယ့်"

"ဒီလိုဆိုရင် ခြုံသင်္ကန်း မရှိတဲ့ အရှင်ဘုရားများ တပည့်တော်နဲ့အတူ မြို့ထဲကို ကြွတော်မူပါဘုရား၊ ခြုံသင်္ကန်း ပြည့်စုံပါလိမ့်မယ်"

ကိုရင်တိဿက အဲဒီလို လျှောက်လိုက်တော့ ခြုံသင်္ကန်းမရှိတဲ့ သံဃာတော်တွေ ကိုရင်ကလေးနောက် ကြွလိုက်သွားကြတာ သံဃာတော် တစ်ထောင်လောက် ရှိတယ်။ ကိုရင်တိဿရဲ့ဆွမ်း၊ သင်္ကန်း၊ လာဘ်လာဘ တွေကို တွေ့မြင်နေကြတာဆိုတော့ ကိုရင်ရဲ့ ဘုန်းကံကို ယုံကြည်ကြလို့ပေါ့။

ကိုရင်ကလေးဟာ သံဃာတန်းကြီးရဲ့ ရှေ့ကနေ ကြွပြီး အိမ်ပေါက်စေ့ ရပ်ရပ်သွားတယ်။ ဒကာ ဒကာမတွေက

"ကိုရင်ကလေး ဘာအလိုရှိပါသလဲဘုရား"

"သံဃာတော်တွေ ခြုံသင်္ကန်း လိုနေလို့ ဒါယကာကြီး"

http://www.dhammadownload.com



ဒကာ ဒကာမတွေက ဘာအလိုရှိပါသလဲလို့ မေးယင် ဘာလိုတယ်ဆိုတာဘဲ ပြောရတယ်။ ဘာလှူပါလို့ မပြောကောင်းဘူး။ လိုတာပဲ ပြောရတယ်။ ဒါလောက် ပြောလိုက်ရင်ဘဲ မူလကတည်းက ကြည်ညို ရင်းစွဲရှိလို့ လှူချင်နေတဲ့ ဒကာ ဒကာမတွေဟာ သံဃာတန်းကြီး ရှေ့က ကိုရင်ကလေးကိုလဲ ကြည်ညို၊ နောက်က ငင်းထိန်နေတဲ့ သံဃာတန်းကြီးကိုလဲ ကြည်ညိုကြတော့ လှူလိုက်ကြတာ ကမ္ဗလာသင်္ကန်း၊ သက္ကလပ်သင်္ကန်းတွေ မကြာခင်ပဲ သင်္ကန်းတစ်ထောင် ပြည့်သွားတယ်။

**စိတ်ကို ပြောင်းလဲစေတဲ့ ဒါန** ရှေးကံ စွမ်းအားများ အင်မတန် အံ့သြစရာ ကောင်းတယ်။ အကောင်းထဲက မမျှော်လင့်ပဲ အဆိုးတွေကိုလဲ ဖြစ်ပေါ်စေနိုင်တယ်။ အဆိုးထဲကလဲ မမျှော်မှန်းနိုင်တဲ့ အကောင်းတွေကို ဖြစ်ပေါ်လာစေနိုင်တယ်။ အကြောင်းညီညွတ်လို့ ကံတရား အကျိုးပေးခွင့် သာလာတာနဲ့ တစ်ပြိုင်နက်တည်း အခြေအနေဟာ ချက်ခြင်း ပြောင်းလဲသွားနိုင်တာပဲ။

http://www.dhammadownload.com



အဲဒီသဘာဝအတိုင်းပဲ အခု ကိုရင်ဟိသဿရဲ့ ရှေးက ပြုခဲ့တဲ့ ဒါနကုသိုလ်ကံဟာလဲ အလွန် အံ့ဩစရာ ကောင်းပါတယ်။ ဒီကိုရင်ကလေး သံဃာတော် တစ်ထောင်နဲ့ ကမ္ဗလာ အလှူခံကြွလာတယ်လို့ သတင်းပျံ့သွားတော့ ဈေးထဲက ကမ္ဗလာဆိုင်က ဆိုင်ရှင် တစ်ယောက်ဟာ သူ့ကမ္ဗလာတွေကို အလှူခံမှာ အလွန်အမင်း စိုးရိမ်သွားတယ်။ ဒါနဲ့ ဆိုင်ကြီး ပိတ်ထားလို့လဲ မတော်တော့ ဝယ်သူမြင်လွယ်အောင် အပေါ်ဆုံးက ပြထားတဲ့ အသပြာ တစ်သိန်းတန်တဲ့ ကမ္ဗလာတွေကို ညံ့တဲ့ တခြား ကမ္ဗလာတွေနဲ့ အပေါ်ကနေ ဖုံးအုပ်ထားလိုက်တယ်။ ညံ့တဲ့ ကမ္ဗလာတွေကိုပဲ မြင်သာအောင် ထုတ်ပြထားတယ်။ အလှူခံရင် မကောင်းတာတွေ လှူမယ်ပေါ့လေ။ စေတနာ မကောင်းဘူးလား။ ကောင်းတယ်နော်။ ကောင်းတာကို ဝှက်ပြီးတော့ မကောင်းတာကို လှူချင်တယ်ဆိုတော့ အကျိုးပေး တော်တော်ကြီးမားမှာပဲ။

ကိုရင်ကလေး တစ်ဖြည်းဖြည်း သူ့ဆိုင်နား ရောက်လာတော့ ဒီဒကာက လှမ်းမြင်တယ်။ မြင်လိုက် တယ်ဆိုရင်ပဲ စိတ်ပြောင်းသွားပြီး လှူချင်တဲ့စိတ်တွေ ချက်ချင်း ပေါ်လာတယ်။ ဖုံးထား ဝှက်ထားတဲ့

http://www.dhammadownload.com



ကမ္ဗလာတွေ အဝတ်တွေ ဖယ်လိုက်တယ်။ သူ့ဆိုင်ရှေ့ ရောက်လာတော့ အကောင်းဆုံး ကမ္ဗလာတွေ ရွေးပြီး တော့ လှူလိုက်တယ်။

**မုချလိုအပ်တဲ့စက်** ဘာကြောင့် ဒီဒကာ ဒီလိုဖြစ်ရ သလဲ။ အစက လုံးဝ မလှူချင်လို့ ဖုံးထား ဝှက်ထားတဲ့ဟာတွေ၊ အခုမှ ကိုရင်ကလေး မြင်လိုက်ရတာနဲ့ပဲ လှူချင်စိတ်တွေ ပေါ်ပြီးတော့ အကောင်းဆုံး ကမ္ဗလာတွေကို ရွေးလှူတယ်ဆိုတာ ကိုရင်ကလေးရဲ့ ဘုန်းကံကြောင့်ပဲ။ ဘာဘုန်းလဲ။ အရင်ဘဝက နို့ဆွမ်းနဲ့ သင်္ကန်းလှူဒါန်းခဲ့တဲ့ဘုန်း၊ ဒီဘဝမှာ ကမ္ဗလာလှူတဲ့ ဘုန်းပေါ့။ မဟုတ်ဘူးလား။ (တင်ပါ့ဘုရား။)

အဲဒီဘုန်းကံ တည်းဟူသော အကြောင်းတရားက အကျိုးပေးဖို့ရာ အချိန်ကျလာတဲ့အတွက် မူလက မလှူချင် တဲ့ ဒကာတောင်မှ လှူချင်တဲ့စိတ်၊ လှူချင်တဲ့ စေတနာတွေ ရုတ်တရက်ဖြစ်ပေါ်ပြီး အကောင်းဆုံး ကမ္ဗလာတွေကို လှူရတယ်။ ဒီတော့ ပုဗ္ဗေစ ကတပုညတာ =ရှေးဘဝက ကောင်းမှုပြုခဲ့ရမယ်ဆိုတဲ့ စက်ဟာဖြင့် သတ္တဝါတိုင်းအတွက် မုချလိုအပ်တဲ့ စက်ပဲဆိုတာ အင်မတန်ထင်ရှားတယ်။

http://www.dhammadownload.com



လှူလို့ရှိ ရှိလို့လှူ "မရှိလို့ မလှူ၊ မလှူလို့ မရှိ"ဆိုတာ ဗမာစကား ရှိတယ်မဟုတ်လား။ အဲ

မရှိလို့ မလှူဘူးတဲ့၊ မလှူပြန်တော့လဲ မရှိပြန်ဘူး။ အဲဒီတော့ မရှိတော့လဲ ရှိသလောက်ကိုပဲ တတ်နိုင်သလောက် ကလေး ဖဲ့ပြီးလှူရတယ်။ ဥပမာ– ထမင်းက ကိုယ့်အိမ်မှာ ချက်ထားတာ ဆန် နို့ဆီတစ်လုံး ချက်ထားတယ်။ နို့ဆီတစ်လုံးချက်ကို စားရမှာက နှစ်ယောက် မျှစားရမယ်။ အဲဒီ နှစ်ယောက် မျှစားရမယ့် အထဲက ဆွမ်းတစ်ဇွန်းလောက်များ ဖဲ့ပြီး လောင်းလိုက်ရင် အကျိုး မများနိုင်ဘူးလား။ ဆွမ်းအနေနဲ့ ကြည့်မယ်ဆိုရင် တစ်ဇွန်းတည်း။ ဒါပေမယ့် မိမိစေတနာ ထက်သန်အားကောင်းရင် အဲဒီ ကုသိုလ်ဟာ ကြီးမားတဲ့ ကုသိုလ်လား၊ သေးသိမ်တဲ့ ကုသိုလ်လား။ (ကြီးမားတဲ့ ကုသိုလ်ပါဘုရား။) အဲဒီလိုသာ တတ်နိုင်သလောက် ဖဲ့ဖဲ့ပြီး လှူဒါန်းသွားမယ်ဆိုရင် ဒီပုဂ္ဂိုလ် ဒီအလှူရဲ့အကျိုး မခံစားရနိုင်ဘူးလား။ ခံစားရနိုင်တယ်။ ဒါကြောင့် မရှိသော်လဲ တတ်နိုင်သလောက် ဖဲ့ပြီးလှူရတယ်။ ဒါမှလဲ နောက်ကျတော့ ရှိလာတယ်။ ရှိလာတဲ့အခါကျတော့ ရှိသလောက် လှူပေရော့၊ မဟုတ်ပေဘူးလား။

http://www.dhammadownload.com



**လာဘ်ကိုထား၍ တရားရှာ ဒီလိုနဲ့ ကိုရင်ကလေးဟာ**
**သံဃာ တစ်ထောင်အတွက်**

ကမ္ဗလာသင်္ကန်း တစ်ထောင် ရသွားတယ်။ ဒီတော့ ကိုရင်က ပိုပိုပြီး နာမည်ကြီးလာတယ်။ လာပြီး ဖူးမြှော်သူတွေ ပိုပိုများလာတော့ သူ့ရည်ရွယ်ချက် ပျက်ရမလို ဖြစ်နေတယ်။ သူ့ရည်ရွယ်ချက်က တရားအားထုတ်ဖို့ ရည်ရွယ်ချက်၊ ဒကာ ဒကာမတွေ အဆက်မပြတ် လာနေတော့ တရားအားထုတ်ဖို့ အချိန် မရတော့ဘူး။ ဒီအတိုင်းသာဆိုရင် ဘယ်လိုမှ တရားရမှာ မဟုတ်ဘူး။ ရှေးကံ ပါရမီက နှိုးဆော်တော့ မနေနိုင်ဘူး။ သူဒါနပြုစဉ်က သူ့ရဲ့စိတ်ထား ဦးတည်ချက်က အရှင်သာရိပုတ္တရာသိတဲ့ တရားကို သိရပါလို၏လို့ ဆုတောင်းဦးတည်ထားတာ။ သူ့ဦးတည်ချက် အတိုင်း အရှင်သာရိပုတ္တရာ သိတဲ့တရားကို သိဖို့ရာက အချိန် ကျနေပြီ။ ပါရမီက ပြည့်နေပြီ။

ဒီတော့ သူနေလို့ မရတော့၊ ဘယ်သူ့ကိုမှ မပြောဘဲ မြတ်စွာဘုရား ထံမှာသာ အရဟတ္တဖိုလ်အထိ ကမ္မဋ္ဌာန်းတောင်းပြီး ဇေတဝန်ကျောင်းကနေ တစ်ပါးတည်း တိတ်တဆိတ် ထွက်သွားတယ်။ ယူဇနာ ၁၂၀ ဝေးတဲ့ နေရာရောက်တော့ ရွာတစ်ရွာနားက ဖြတ်အသွားမှာ ဒကာတစ်ယောက် တွေ့တယ်။

http://www.dhammadownload.com



ရွာအနီးအပါးမှာ တောရကျောင်း ရှိမရှိမေးလို့ ဒကာက ရှိကြောင်း လျှောက်ထားပြီး ကိုရင်ကလေး တိသကို တောရကျောင်း လိုက်ပို့ပေးတယ်။ လမ်းခရီး တလျှောက် တောတောင်စိမ့်စမ်းတွေကလဲ သာယာတော့ ကိုရင်ကလေးက "ဒကာကြီး ဒီနေရာက ဘာလဲ" ဒီနေရာကိုကော ဘယ်လိုခေါ်သလဲ စသည်ဖြင့် မေးတော့ ဒကာကလဲ ကိုရင်ကလေး သိချင်တာကို ဝမ်းပန်းတသာ ဖြေပေးတယ်။ ခုနစ်နှစ်သားဆိုတော့ အမေးအစမ်း ထူတဲ့ အရွယ်ကိုး။

ကျောင်းရောက်တော့ ဒကာကြီးက အကောင်းဆုံး နေရာကို နေရာထိုင်ခင်း ရှင်းလင်းပေးပြီး–

"အလွန်ကောင်းတဲ့ ကျောင်းပါဘုရား။ ကိုရင် ချမ်းချမ်းသာသာ သီတင်းသုံးနိုင်ပါတယ်။ ဒါထက် ကိုရင့်ဘွဲ့က ဘယ်သူပါတဲ့လဲ"

"ရှင်ဝနဝါသီတိဿပါ ဒကာကြီး"

"တပည့်တော်တို့ ရွာကို နေ့စဉ် ဆွမ်းခံကြွပါနော်"

ကိုရင်ကလေးက ဆိတ်ဆိတ်နေခြင်းဖြင့် သဘောတူ လိုက်တယ်။ ဒကာကြီးကလဲ ခုနစ်နှစ်သား ကိုရင်ကလေး ရဲ့ ရုပ်ရည်ရူပကာယ၊ နေပုံထိုင်ပုံ၊ ပြောပုံ ဆိုပုံလေးတွေနဲ့

http://www.dhammadownload.com



တစ်ပါးတည်း တောထွက်လာတဲ့ စိတ်ဓာတ်နဲ့ သတ္တိကိုပါ ကြည်ညိုလွန်းလို့ ရွာရောက်တော့ "ရှင်ဝနဝါသီတိဿ ဆိုတဲ့ ကိုရင်ကလေးတစ်ပါး ဒို့များ တောရကျောင်းမှာ ရောက်နေတယ်။ နက်ဖြန်ကစ ဆွမ်းခံကြွလိမ့်မယ်။ ယာဂုတို့ ဆွမ်းတို့ လောင်းကြလှူကြဖို့ အသင့် ပြင်ထားကြ"လို့ အိမ်ပေါက်စေ့ လိုက်ပြီး နှိုးဆော်ရင်း ကိုရင်လေး ကြည်ညိုစရာကောင်းပုံ ပြောရတာလဲ မောလို့။

ရှင်ဝနဝါသီတိဿဆိုတာ တောတောင်စိမ့်စမ်းကို သဘောကျလို့ တောမှာပျော်လို့ သူ့ဟာသူ မှည့်လိုက်တဲ့ ဘွဲ့ပဲ။ အမျိုးက ပေးထားတဲ့ ဘွဲ့ကတော့ ဆွမ်းတွေရလွန်း လှူနိုင်လွန်းလို့ **"ပိဏ္ဍပါတဒါယကတိဿ"**၊ ကမ္ဗလာတွေ လှူလို့ **"ကမ္ဗလဒါယကတိဿ"**တဲ့။ သုံးမည်ရ ရှင်ကျော်ပေါ့လေ။

**ကြိုးစားလို့ တရားရ** ကိုရင်ကလေးဟာ ကိလေသာ ကုန်ခမ်းရေး ဆင်းရဲ ငြိမ်းရေးအတွက် နေ့မနား ညမနား ကြိုးစားအားထုတ်တယ်။ ရွာကိုလဲ ဆွမ်းခံ ကြွတယ်၊ ဒကာ ဒကာမတွေ ဆွမ်းလောင်းတိုင်း ရှိခိုးတိုင်း "ချမ်းသာကြပါစေ၊ ဆင်းရဲ ကင်းကြပါစေ" လို့ချည်း ဆုပေးတယ်။ တစ်ခြား ဘာစကားမှလဲမပြော

http://www.dhammadownload.com



ဘာတရားမှလဲ မဟောဘူး။ ပါရမီပြည့်သူဖြစ်လို့ ကြိုးစားသလောက် တရားက ခရီးရောက်တယ်။ ရုပ်သဘောမှန် နာမ်သဘောမှန်ကို တစ်နေ့ထက်တစ်နေ့ ပိုပို ရှင်းရှင်းလင်းလင်း သိမြင်လာတယ်။ မမြဲ၊ ဆင်းရဲ၊ ပုဂ္ဂိုလ်သတ္တဝါ ငါမဟုတ်တဲ့ သဘောတွေကို ပြက်ပြက်ထင်ထင် သိမြင်လာတယ်။

တချို့ညတွေမှာ ကိုရင်ဟာ အိပ်တောင်မှ မအိပ်ဘဲ ကြိုးစားအားထုတ်တယ်။ ဝါဦးကတည်းက စပြီး ကြိုးစားလာလိုက်တာ ဝါလယ်လောက်ကြတော့ ရှုလိုက်တိုင်း ဖြစ်ပေါ်လာပြီး ပျောက်ပျောက်သွားတဲ့ သဘောတွေကိုချည်းပဲ တွေ့မြင်ရသည်အထိ တရားက ရင့်လာတယ်။ ဒါနဲ့ သီတင်းကျွတ် လဆန်းပိုင်းရောက်တော့ တရားအရှိန် ကောင်းသထက်ကောင်းလာပြီး မဂ်ဉာဏ်လေးဆင့် ဖိုလ်ဉာဏ်လေးဆင့် အစဉ်အတိုင်း တက်ပြီး အရဟတ္တဖိုလ်အထိ ရရှိသွားတယ်။ ပါရမီကလဲ ပြည့်ပြီးသား၊ ဝီရိယ ဓါတ်ကလဲ ကြီးမားတော့ ခုနစ်နှစ်သားအရွယ် သာမဏေ ငယ်လေးပင် ဖြစ်သော်လဲ နှစ်လသာသာလောက် အတွင်း မှာပဲ ကိလေသာခပ်သိမ်း ငြိမ်းအေးသွားတယ်။

http://www.dhammadownload.com



**မြတ်စွာဘုရား ကြွရောက်ချီးမြှောက်** ဝါကျွတ်တော့ ကိုရင်တိဿထံ မြတ်စွာဘုရား ကြွတော်မူလာတယ်။ မြတ်စွာဘုရား၏ နောက်တော်မှ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စတဲ့ အဂ္ဂသာဝက ကြီးများ၊ မဟာသာဝကကြီးများရော သံဃာတော်များပါ ကိုရင်လေးတိဿနေရာကို ကြွရောက်ပြီး ချီးမြှောက်တော် မူကြသည်အထိ အရေးထားကာ လေးစားကြတယ်။ ကိုရင်ကလေး အကြောင်းပြုပြီး သူ့ဂေါစရဂါမ် ဆွမ်းခံရွာက ဒကာ ဒကာမတွေလဲ မြတ်စွာဘုရားနှင့်တကွ သာဝကကြီးများ၊ သံဃာတော်များကို ဖူးမြော်ကြည်ညိုခွင့်၊ ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ် အရသာ ဆက်ကပ်လှူဒါန်းခွင့် ရကြလို့ အတိုင်းမသိ ဝမ်းသာကြတယ်။

**လောကီလောကုတ္တရာ နှစ်ဖြာအကျိုး** ဒီဝနဝါသီတိဿသာမဏေလေးရဲ့ ဖြစ်ရပ်ကိုကြည့်ရင် ဒါနကုသိုလ်ဟာ စေတနာ အားကောင်းရင် လောကီကျိုး လောကုတ္တရာကျိုး နှစ်မျိုးလုံးကို ပေးစွမ်း နိုင်တယ်ဆိုတာ သိသာပါတယ်။ ဒါကြောင့်ပဲ ဒီကနေ့ မန္တလေးသင်းက ဘုံကထိန်သင်္ကန်း

http://www.dhammadownload.com



လှူဒါန်းတဲ့ ဒါနကုသိုလ်ဟာလဲ လောကီကျိုး လောကုတ္တရာကျိုး နှစ်မျိုးလုံး ပေးနိုင်ကြောင်း လောကီကျိုးကတော့ သူ့အကြောင်းအကျိုး သဘာဝအရ ရရှိမှာဖြစ်သော်လဲ လောကုတ္တရာ အကျိုး ကတော့ မိမိတို့က လိုလိုလားလား နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဆီ စိတ်ဦးတည်ထားမှသာ ရနိုင်ကြောင်း ဘုန်းကြီး စောစောက ပြောခဲ့တာပါပဲ။

**ဦးတည်ချက်မှန်မှ လောကုတ္တရာကျိုးရ**

ဒီ ကိုရင်ကလေးကို ကြည့်ပါ။ သူ့ဒါနဟာ သံဃိကဒါနတောင် မဟုတ်ဘူး။ ပုဂ္ဂလိက ဒါနပဲ။ သူဗြာဟ္မဏဖြစ်စဉ်က လှူခဲ့တဲ့ဒါနဟာ အရှင်သာရိပုတ္တရာကို ပုဂ္ဂိုလ်အနေနဲ့ လှူခဲ့တာပဲ။ ဒီဒါနကြောင့် လောကီကျိုးဖြစ်တဲ့ ဆွမ်း သင်္ကန်း ပေါများခြင်း အကျိုးကိုရတယ်။ ဒီလောကီကျိုး တွေဟာ သူလိုလားတာ မဟုတ်သော်လဲ ကြောင်းကျိုး သဘာဝအရ ဖြစ်ပေါ်လာတာပဲ။ သူလိုလားတာက ဘာလဲ၊ အရှင်သာရိပုတ္တရာရတဲ့ အသိဉာဏ်မျိုး ရပါလို၏တဲ့။ အရှင်သာရိပုတ္တရာရတဲ့ အသိဉာဏ်က မဂ်အသိ ဖိုလ်အသိပဲ။ ဒီအသိကို ရချင်လို့ ဒီအသိဉာဏ် ရရေးဆီကို ဗြာဟ္မဏကြီးက သူ့စိတ်ကို ဦးတည်ထားတယ်။ ဦးတည် ထားတဲ့အတိုင်းပဲ အခု ကိုရင်တိဿဘဝမှာ ကြိုးစား အားထုတ်လိုက်တော့ ရသွားတာပဲ။

http://www.dhammadownload.com



**နှုတ်ပြောတခြား စိတ်ထားတစ်မျိုး** ဒါပေတဲ့တစ်ခုတော့ရှိတယ်။ ဘုန်းကြီးတို့ အခုခေတ်မှ "ဒီကုသိုလ်ကြောင့် နိဗ္ဗာန်ရပါလို၏ဘုရား"လို့ တချို့နှုတ်က ဆုတောင်းကြတယ်။ ဒါပေတဲ့ သူ့စိတ်ကတော့ နှုတ်နဲ့ ဆန့်ကျင်ဘက်ပဲ။ သူများ နိဗ္ဗာန်ဆိုလို့ နိဗ္ဗာန်လိုက်ရတယ်။ နိဗ္ဗာန်ဆိုတာ ဘာမှန်းမသိတော့ သူ့စိတ်လိုလားတောင့်တတာက အဆင့်အတန်းမြင့်တဲ့ လူ့ဘဝ နတ်ဘဝ စသည်ပဲ။ သူဌေးကြီး ဖြစ်ချင်တယ်။ ဘုရင်ကြီး သမ္မတကြီး ဖြစ်ချင်တယ်။ နတ်စည်းစိမ်ချမ်းသာကိုလဲ ခံစားကြည့်လိုက်ချင်သေးတယ်။ ဒါကြောင့် သူ့စိတ်က တကယ် ဦးတည်ထားတာကတော့ လောကီကျိုး လောကီချမ်းသာ ရဖို့ပဲ။ ဘာကြောင့်လဲဆိုတော့ ဘဝဒုက္ခကို ဒုက္ခလို့မမြင်သေး၊ သုခလို့ ထင်နေသေးလို့ပဲ။

**ခလုတ်ထိမှ အမိတ** ဒီတော့ အခု ဘုန်းကြီးတို့ ဗြဟ္မာကြီးလဲ အရှင်သာရိပုတ္တရာသိတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပါလို၏ လို့ ဆုတောင်းပေမယ့် သူ့စိတ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆီ တစ်ကယ်ဦးတည်ထားတာ ဟုတ်နိုင်ပါ့မလား။ အခုခေတ်လူတွေလို စိတ်တခြား နှုတ်တခြားများ ဖြစ်နေမလား။ မဖြစ်နိုင်ပါဘူး။

http://www.dhammadownload.com



ဘာကြောင့် လဲဆိုတော့ ဗြဟ္မာကြီးဟာ ဘဝအဆင်ပြေလို့ ချမ်းသာနေစဉ်မှာ မဂ်ဖိုလ်ချမ်းသာကို အဓိပ္ပာယ်မရှိတဲ့ဟာလို့ ထင်ကောင်းထင်ခဲ့ပါလိမ့်မယ်။

ဒါပေတဲ့ အခုလို အမြင့်ကကျပြီး အထည်ကြီးပျက်ဘဝနဲ့ တစ်နေ့စာ တစ်နေ့ ရှာနေရတဲ့ အခြေအနေမှာတော့ ဘဝဒုက္ခ ဘဝဆင်းရဲ ဘဝအဓိပ္ပာယ်ကို ကျကျနနကြီး သဘောပေါက်နေပါပြီ။ ဒါကြောင့် ဘဝဆင်းရဲမှ လွတ်လိုစိတ် အမှန်နဲ့ပဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရည်သန်တောင့်တတာ အမှန်ပါပဲ။ ဒါကြောင့်လဲ သူတောင့်တတာကို ကိုရင်လေးတိဿဘဝမှာ သူရတာပါပဲ။

**အမြင့်ကကြည့်ရင် အမှန်မမြင်နိုင်**

အခု ခေတ်မှာလဲ ဒီအတိုင်းပါပဲ။ ဒကာ ဒကာမတွေရဲ့ အသိုက်အဝန်းထဲမှာပဲ လျှောက်ကြည့်ပါ။ ပစ္စည်းပစ္စယ ပြည့်စုံနေတဲ့အခါ၊ ရာထူးမြင့်မြင့်ကြီးတွေ ရနေတဲ့အခါ ဘဝ အဆင်ပြေနေတုန်းမှာ အဲဒီ အခြေအနေကို တစ်သက်တာ ပတ်လုံး တည်မြဲနေမှာပဲလို့ ယူဆပြီး မိုးမမြင်၊ လေမမြင် ဘယ်သူ့ကိုမှ ထီမထင်ကြဘူး။ စိတ်ချမ်းသာရေးအတွက် ရတနာသုံးပါးကို အားထားရာအနေနဲ့ ဆည်းကပ်နေကြတဲ့ လူတွေကို

http://www.dhammadownload.com



တောင်မှ အဓိပ္ပာယ် မရှိတာတွေကို လုပ်နေတဲ့ ရယ်စရာ သတ္တဝါတွေလိုလို နှာခေါင်း ရှုံ့တတ်ကြသေးတယ်။

**ဘဝအထိနာမှ အသိနာသည်** အဲဒီလို လူတွေပဲ အကြောင်း တစ်စုံ တစ်ရာကြောင့် သခ်ါရသဘောအရ ပစ္စည်းလျှော ရာထူးလျှောပြီး အမြင့်ကနေ ဖုတ်ကနဲပြုတ်ကျလို့ စိတ်ဆောက်တည်ရာ ဘယ်လိုမှ မရနိုင်တော့မှ "ဘဝနာတယ်ဆိုတာ ဒီလို ပါလား"လို့ အထိနာနာနဲ့ ဘဝတန်ဘိုး အသိကို ရရှိ လာကြတယ်။ ဘဝဆိုတာ "ဒုက္ခကို ခေါ်တာပါလား"လို့ ဘဝရဲ့ အဓိပ္ပာယ်ကို နားလည် သဘောပေါက် လာကြတယ်။

ဒီတော့မှ ဒီဒုက္ခကို ငြိမ်းဖို့ရာ ဘုရားရိပ် တရားရိပ် သံဃာ့ရိပ်မှတစ်ပါး တစ်ခြားမမြင်တော့ တရားလုပ်ငန်းခွင်ကို ပြေးဝင်လာကြတယ်။ အဲဒီအခါကျမှ ရတနာသုံးပါးရဲ့ တန်ဘိုးကို နားလည်လာပြီး အမြင်မှန်ရလို့ မာန မျက်မှန် စိမ်းကြီး ကျွတ်ကျသွားကြတယ်။

http://www.dhammadownload.com



**စိတ်စွမ်းအင်** ကိုရင်တိဿရဲ့ ရှေးဘဝက ဗြဟ္မဏကြီးလဲ ဘဝအထိ ဘဝအသိ နှာနေပြီမို့ ဘဝဆင်းရဲက လွတ်ချင်တဲ့ စိတ်ဆန္ဒ ပြင်းပြနေချိန်ဆိုတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရေးမှာ သူ့စိတ်ဓာတ် စွမ်းရည်က အင်မတန် ထက်မြက်နေတယ်။ စိတ်ဓာတ်ရဲ့ စွမ်းအား ဟာ အင်မတန် ကြီးမားတယ်။ တည်ငြိမ်လေ စွမ်းအင်ကြီးမား ထက်မြက်လေပဲ။ အဲဒီလို စိတ်ဓာတ်ထက်တုန်း စွမ်းအင် ကြီးမားတုန်းမှာ လိုရာကို တောင့်တ၊ တောင့်တတဲ့အတိုင်း အကောင် အထည်ဖော်ပြီး လုပ်ကိုင်ရင် စိတ်ဦးတည်ထားတဲ့ အတိုင်း ဖြစ်မြောက်လာတာဟာ သဘာဝနိယာမပဲ။ ဒါကြောင့် ရှင်ဝနဝါသီတိဿ အရဟတ္တဖိုလ်အထိ ရရှိသွားတာဟာ တကယ်တော့ မဆန်းပါဘူး။

**ဒါနသက်သက်ကြောင့်တော့ မဟုတ်** အဲဒီလို တရားရသွားတာ စိတ်ဦးတည်ချက် မှန်မှန်နဲ့ လှူခဲ့တဲ့ နွားနို့ ထမင်းနဲ့ ပိတ်ပိုင်းဒါနက အကြောင်း အထောက်အပံ့ပြုလို့ ရသွားတာပဲ။ သို့သော်လဲ ဒီဒါနသက်သက်ကြောင့် ရတာမဟုတ်ဘူး ဆိုတာတော့ သတိပြုရမယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရကြောင်း ဆင်းရဲငြိမ်းကြောင်း ဝိပဿနာ

http://www.dhammadownload.com



အကျင့်ကောင်း အကျင့်မှန်ကို အားထုတ်ရာမှာ တွန်းအား ဖိအားအနေနဲ့ ဒါနက ကူညီ ထောက်ပံ့ ပေးနိုင်တာပဲ ရှိတယ်။ ဒါနသက်သက်ကြောင့်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရစေနိုင်ဘူး။

**လောကုတ္တရာကျိုးကို ဦးတည်ပါ**

ဒီတော့ ဘုန်းကြီးတို့ မန္တလေး အသင်း ဒကာ ဒကာမများနဲ့ အလှူရှင် အားလုံးပဲ ဘဝကို ရှုထောင့်အမှန်ကနေ ကြည့်နိုင်ကြပြီး အသိမှန် အမြင်မှန်နဲ့ သိနိုင်မြင်နိုင်ကြလို့ ဒီကနေ့ပြုတဲ့ ကထိန်သင်္ကန်းဒါန စတဲ့ ကုသိုလ်အစုစုကြောင့် ဆင်းရဲနဲ့ ရောနေတဲ့ လောကီအကျိုး တွေကို ဦးတည်ချက် မထားဘဲ ဆင်းရဲမဖက် ချမ်းသာ သက်သက်ဖြစ်တဲ့ လောကုတ္တရာကျိုးကိုပဲ ဦးတည်ထားနိုင် ကြပါစေ။ အဲဒီလို ဦးတည်ထားတဲ့ အတိုင်းလဲ ဆင်းရဲငြိမ်းကြောင်း အကျင့်ကောင်း အကျင့်မှန်တွေကို ကျင့်ကြံပွားများ အားထုတ်နိုင်ကြသဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

**သာဓု၊ သာဓု၊ သာဓု။**

37 A

http://www.dhammadownload.com



## ရေစက်ချ

ကဲ အားလုံးပဲလိုက်ဆိုပါ။

ရေစက်ကို တစ်စက်တစ်စက် ချနေလို့ ရှိရင်တော့ စိတ်က ရေစက်ဆီကို အာရုံ ရောက်နေမှာပဲ။ အလှူဝတ္ထုဆီ အာရုံရောက်မှာ မဟုတ်ပါဘူး။ ဘုန်းကြီးသဘောကတော့ ရေခွက်ကို အသာချထား။ လက်အုပ်ချီပြီးတော့ စိတ်က ကိုယ့်ကုသိုလ်ဆီ အာရုံပြုပြီး လိုက်ဆို။ အမျှဝေတဲ့ အခါကျတော့မှ ရေကလေး သင့်သလောက် လောင်းလိုက်။ အဲဒါ ကောင်းလိမ့်မယ်။

ကဲလိုက်ဆို။

"အရှင်ဘုရား၊ တပည့်တော်များသည် ဗုဒ္ဓမြတ်စွာ ၏ သာသနာတော်ကြီး အရှည်တည်တံ့ခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပွားခြင်း၊ ထွန်းကားခြင်း အကျိုးငှာလဲကောင်း၊

http://www.dhammadownload.com



ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါရခြင်း အကျိုးငှာလည်းကောင်း ရည်ရွယ်မှန်းထား၍ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သီလတော်မြတ်ကို ကောင်းမွန်စွာ ခံယူဆောက်တည်ပြီးလျှင် မဟာဗောဓိကျောင်းတိုက်၌ ကထိန်ခင်းရန် အလို့ငှာ ကထိန်လျာသင်္ကန်းကို သံဃာတော် အရှင်မြတ်တို့အား သဒ္ဓါရှင်လန်း လှူဒါန်း ဆက်ကပ်ပါကုန်၏။

ထိုမှတစ်ပါး ပင့်ဖိတ်ထားသော သံဃာတော် အရှင်မြတ်တို့အားလဲ ရည်မှန်းပိုင်းခြားထားသည့်အတိုင်း သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထု အစုစုတို့ကို လှူဒါန်းပါကုန်၏။ ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကိုလဲ ဆက်ကပ်လှူဒါန်းကြပါကုန်၏။ ဝေယျာဝစ္စကိုလဲ ဆောင်ရွက်ကြပါကုန်၏။ အနုမောဒနာ တရားကိုလဲ နာကြားကြပါကုန်၏။

ဤသို့ ယနေ့ ယခု တပည့်တော်တို့ ပေါင်းစုညီညာ ပြုရပါသော ဤကုသိုလ်အဖြာဖြာတို့ကြောင့် တပည့်တော်တို့သည် ပညာရှိ သူတော်ကောင်းတို့နှင့်သာ တွေ့ကြုံဆုံဆည်း ပေါင်းသင်း ဆက်ဆံရ၍ ပညာရှိသူတော်ကောင်းတို့ ဟောပြောသော တရားမှန် စကားမှန်တို့ကို နာခံမှတ်သားရသဖြင့် ပညာရှိ သူတော်ကောင်းတို့ ကျင့်ကြံနေထိုင်ကြသည့်အတိုင်း ဆင်းရဲငြိမ်းကြောင်း အကျင့်ကောင်း

http://www.dhammadownload.com



အကျင့်မှန် မဂ္ဂင်ရှစ်တန် သတိပဋ္ဌာန် အကျင့်တို့ကို ကျင့်ကြံပွားများ ကြိုးစား အားထုတ်နိုင်ကြသဖြင့် ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလိုကုန်၏ အရှင်ဘုရား။

ဤကောင်းမှု အစုစု၏ အဖို့ဘာဂကို မိဖဘိုးဘွား ဆရာသမားတို့မှစ၍ အလုံးစုံသော သတ္တဝါတို့အား အမျှ ပေးဝေပါကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် ဤကောင်းမှု အစုစု၏ အဖို့ဘာဂကို တပည့်တော်တို့နှင့် ထပ်တူညီမျှ ရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကုန်သတည်း။

**အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါကုန်လော့။**

**သာဓု၊ သာဓု၊ သာဓု။**

http://www.dhammadownload.com



# နောက်ဆက်တွဲ

## ချမ်းမြေ့ဆရာတော်၏ ၂၄ ကြိမ်မြောက် ခရစ်နှစ် ၂၀၀၀ ပြည့် နွေရာသီ မွေခရီး

| | |
|---|---|
| ဧပြီ ၁၉ | မြန်မာပြည်မှ အမေရိကသို့ထွက် |
| ဧပြီ ၂၀ | အမေရိကနိုင်ငံ ဖော်လ်တီမိုးမြို့သို့ရောက် |
| ဧပြီ ၂၁-၃၀ | ဖော်လ်တီမိုးမြို့၊ အရှင်ကေလာသဝိဟာရ၌ မြန်မာများအတွက် တရားစခန်း |
| ဧပြီ ၂၁ | ဒေါက်တာခင်မောင်ဦး ဒုလ္လဘရဟန်းပြု |
| ဧပြီ ၂၈ | ဒေါက်တာကျော်စိန် ဒုလ္လဘရဟန်းပြု |
| ဧပြီ ၃၀ | မွန်းလွဲ ၂ နာရီမှစ၍ အရှင်ကေလာသ ဝိဟာရ၌ သံဃာတော် ၁၀ ပါးနှင့် သိမ်နှုတ် |
| မေ ၁ | နံနက်ပိုင်း၌ သိမ်သမုတ် |
| မေ ၁ | ညနေပိုင်းမှစ၍ မေ ၇ အထိ နိုင်ငံခြားသားများ အတွက် တရားစခန်း |
| မေ ၃ | မြန်မာအမျိုးသမီးငယ် နှစ်ဦး၏ အသုဘသို့ကြွ |
| မေ ၅ | မောင်ကျော်ထက် ဒုလ္လဘရဟန်းပြု |
| မေ ၈ | ဖော်လ်တီမိုး၌ နား |
| မေ ၉ | ဒယ်လာဝဲယား၊ ဗာဂျီနီးယား၊ Long Wood ဥယျာဉ် |

http://www.dhammadownload.com



| | | |
|---|---|---|
| မေ | ၁၁ | ရစ်ချ်မွန့်၊ လူရေးကောဗင် |
| မေ | ၁၂ | ဝါရှင်တန် မင်္ဂလာရာမကျောင်း၌ နား |
| မေ | ၁၃–၂၂ | မင်္ဂလာရာမ တရားစခန်း၊ ဓေတဝနာရာမ ဗီယက်နမ်ကျောင်း၌ တရားချီးမြှင့် |
| မေ | ၁၄ | အမေရိကၶ မိခင် ၇၅၀၀၀ မိခင်များနေ့ ကျင်းပ |
| မေ | ၂၀ | မင်္ဂလာရာမ၌ ဗုဒ္ဓနေ့ပူဇော်ပွဲ တရားချီးမြှင့် |
| မေ | ၂၀ | မွန်းလွဲပိုင်းမှ ၂၂ ရက်အထိ ဗာဂျီနီးယား ဘိချ်၌ အနားယူ |
| မေ | ၂၃ | မင်္ဂလာရာမ စခန်းသိမ်း၊ နယူးယောက်သို့ကြွ |
| မေ | ၂၄–၂၇ | နယူးယောက်မြို့ တရားပွဲများ |
| မေ | ၂၈–၃၀ | နယူးဂျာစီ မြန်မာကျောင်း |
| မေ | ၃၀ | ပရင့်စတန်တက္ကသိုလ်သို့ ကြွ |
| မေ | ၃၁ | ချီကာဂိုသို့ကြွ |
| ဇွန် | ၁ | ချီကာဂို မြန်မာကျောင်း၌နား |
| ဇွန် | ၂–၄ | မြန်မာကျောင်း၌ ရက်တို တရားစခန်း |
| ဇွန် | ၄–၁၀ | ချီကာဂို ဝပ်ဓမ္မာရာမ် ထိုင်းကျောင်း၌ တရားစခန်း |
| ဇွန် | ၁၁ | လော့စ်အိန်ဂျလိသို့၊ ဦးဂုဏိဿရ၏ မြန်မာ ကျောင်း၌ တရားစခန်းဖွင့်ပေး |
| ဇွန် | ၁၂ | အရီဇိုနားပြည်နယ်၊ ဖိနစ်မြို့၌ တရားချီးမြှင့် |
| ဇွန် | ၁၃ | Grand Canyon သို့သွားရောက်လေ့လာ |
| ဇွန် | ၁၄ | ဖိနစ်မှ လော့စ်အိန်ဂျလိသို့ပြန် |
| ဇွန် | ၁၅ | မြန်မာကျောင်း၌ စခန်းသိမ်း တရားပွဲ |

http://www.dhammadownload.com



န် ၁၆ လော့စ်အိန်ဂျလိမှ ဖရီးမွန့်သို့ ကြွ

န် ၁၇–၂၃ ဖရီးမွန့် မြန်မာကျောင်း တရားစခန်း

န် ၁၉ အောက္ကလန်မြို့ တရပ်အပ်စိုက်ဆရာထံသွား

န် ၂၂ တရပ်အပ်စိုက်ဆရာထံ ဒုတိယအကြိမ်သွား၊ ဆန်ဖရန်စစ္စကိုမြို့၊ ဒယ်လိစီးတီး၌ ညနေ တရားချီးမြှင့်

န် ၂၃ ဖရီးမွန့် စခန်းသိမ်း တရားပွဲ

န် ၂၄ ဖရီးမွန့်မှ နံနက် အရုဏ်စားအပြီး၌ ကားနှစ်စီး ဖြင့် ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့သို့ကြွ၊ ဦးကိုကိုလေး၊ မဒေါ်လီ၊ မအဲလစ်တို့ လိုက်ပို့ ကြသည်။ အော်ရီဂွန်းပြည်နယ် ပို့တ်လန်မြို့၌ ညအိပ်

န် ၂၅ မတင်တင်ဌေးတို့အိမ်၌ အရုဏ်ဆွမ်းကပ်၊ ကနေဒါသို့ ခရီးဆက်၊ ဝါရှင်တန်ပြည်နယ် ဆီးယက်တယ်မြို့ မစုစုအိမ်၌ နေ့ဆွမ်းကပ်၊ နယ်စပ် ဆုမာမြို့၌ နယ်စပ်ကိုဖြတ်၊ ကနေဒါ နိုင်ငံဘက်၌ အက်ဘော့စ်ဖို့မြို့ကိုဖြတ်၍ ဗန်ကူးဗားမြို့အနီး တရားစခန်းသို့ ည ၁၀ နာရီ၌ ရောက်

န် ၂၅–ဇူလိုင် ၄ ဗန်ကူးဗား တရားစခန်း

ုိုင် ၅–၆ ရေခဲတောင် အပန်းဖြေရိပ်သာသို့ သွား

ုိုင် ၇–၈ နား

http://www.dhammadownload.com



ရှုလိုင် ၉ ဒကာများ သဘော်ဖြင့် လိုက်ပို့၍ ပင်လယ်သို့ ထွက်ပြီးလျှင် ဝေလငါးကြည့်

ရှုလိုင် ၁၀ အက်မွန်တန်မြို့သို့ လေယာဉ်ဖြင့်ကြွ၊ ဒေါက်တာမောင်မောင်ကြီးနှင့် လဲ့လဲ့တို့အိမ်၌ တည်းခို

ရှုလိုင် ၁၁ အရုဏ်စားအပြီး ဒေါက်တာစတီဗင်အောင်၏ ဆေးခန်း၌ အပ်စိုက်ကုပြီးလျှင် Rocky Mountainsသို့ အပန်းဖြေ လေ့လာရေးခရီးကြွ၊ Rocky Mountain သို့ မရောက်မီ လမ်းတလျှောက်လုံး လမ်းဘေး ဝဲယာ၌ Canola Oil စိုက်ခင်းများ ဝင်းထိန်နေသည်ကို မျက်စိတစ်ဆုံး တွေ့မြင်ရ၊ Lake Luwis အနီး ဟိုတယ်၌ ညအိပ်

ရှုလိုင် ၁၂ Rockyတောင်ကြားများအတိုင်း ကယ်လ်ဂရီမြို့သို့ ခရီးဆက်၊ Banffမြို့၌ နေ့ဆွမ်းကပ်၊ ကယ်လ်ဂရီသို့ ညနေရောက်၊ မောင်မောင်နှ ညီညီတို့အိမ်၌ တည်းခို

ရှုလိုင် ၁၃-၁၄ ကယ်လ်ဂရီမြို့နှင့် ပတ်ဝန်းကျင်ဂ လေ့လာကြည့်ရှု

ရှုလိုင် ၁၅ ကယ်လ်ဂရီမြို့ မြန်မာများအား တရားချီးမြှင့် တရားပွဲပြီးလျှင် မြန်မာဗုဒ္ဓဘာသာအသင်း ဖွဲ့ပေးခဲ့

http://www.dhammadownload.com



ဇူလိုင် ၁၆ အက်မွန်တန်မြို့သို့ ပြန်ခဲ့၊ နံနက် ၁၁ နာရီ ပြန်ရောက်၊ ညနေ ဒေါက်တာစတီဗင်အောင်၏ ဆေးခန်း၌ ဒုတိယအကြိမ် အပ်စိုက်ကု

ဇူလိုင် ၁၇ အက်မွန်တန်မြို့နှင့် ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှု

ဇူလိုင် ၁၈ သွေးစစ်ရန် မပြိုး သွေးဖောက်ယူသွား၊ ဒေါက်တာ စတီပင်အောင်၏ ဆေးခန်း၌ တတိယအကြိမ် အပ်စိုက်ကု

ဇူလိုင် ၁၉ University of Alberta၌ တရားချီးမြှင့်

ဇူလိုင် ၂၀ ဝင်ဒီ၏ အစီအစဉ်အရ Ultrasound ရိုက်၊ ညနေ ဒေါက်တာ စတီဗင်အောင်၏ ဆေးခန်း၌ ဟတိယအကြိမ် အပ်စိုက်ကု

ဇူလိုင် ၂၁ Ford Asmonton သို့ သွားရောက်လေ့လာ

ဇူလိုင် ၂၂-၂၄ အက်မွန်တန် တရားစခန်း၊ ည ၇း၃၀ နာရီ စတုတ္ထအကြိမ် အပ်စိုက်ကု

ဇူလိုင် ၂၄ ညနေ ၄ နာရီ တိုရွန်တိုမြို့သို့ လေယာဉ်ဖြင့်ကြွ၊ ည ၁၀း၁၀ မိနစ် ရောက်၊ တိုရွန်တိုမြို့ အနီး ဘာလင်တန်မြို့လေး၌ ဒေါက်တာ ဦးဇေယျ၊ ဒေါက်တာဒေါ်ဖြူဖြူခင်တို့အိမ်၌ တည်းခို

ဇူလိုင် ၂၅-၂၆ မြန်မာသံအမတ်ကြီး ဦးညွန့်တင်ကားကြိုလွှတ်ပင့်၍ အော်တဝါသို့ကြွ

http://www.dhammadownload.com



ဇူလိုင် ၂၆ နံနက်ပိုင်း၌ မြန်မာမိသားစုများအား သံရုံး၌ တရားချီးမြှင့်၊ နေ့ဆွမ်း ဘုဉ်းပေးပြီးသောအခါ ၁ နာရီခန့်နား၍ ၂ နာရီအချိန်၌ အော်တဝါမှ ဘာလင်တန်သို့ ပြန်ခဲ့

ဇူလိုင် ၂၇ နိုင်ယာဂရာ ရေတံခွန်သို့ သွားရောက် လေ့လာ ကြည့်ရှု

ဇူလိုင် ၂၈-၃၀ ဘာလင်တန်၌ တရားစခန်း

ဇူလိုင် ၃၁ ဂျော်ဂျီယန်ဒေသသို့ သွားရောက်လေ့လာ

ဩဂုတ် ၁ **Alcoguin Park** သို့သွား

ဩဂုတ် ၂-၄ အွန်တေရီယိုပြည်နယ် လန်ဒန်မြို့

ဩဂုတ် ၅-၇ တိုရွန်တို ထိုင်းကျောင်းတရားစခန်း

ဩဂုတ် ၇ မွန်းလွဲ ၂း၅၅ နာရီ ဘော့စတန်သို့

ဩဂုတ် ၈ ဗော်လတီမိုး

ဩဂုတ် ၉ ဝါရှင်တန်မှ ဂျပန်သို့

ဩဂုတ် ၁၀-၁၂ တိုကျို

ဩဂုတ် ၁၃ ရန်ကုန်သို့

http://www.dhammadownload.com



# ချမ်းမြေ့ဆရာတော်၏ ၂၅ ကြိမ်မြောက်

## ခရစ်နှစ် ၂၀၀၀–၂၀၀၁ ခုနှစ် ဆောင်းရာသီ ဓမ္မခရီး

ဇန္နဝါရီ ၂–၁၉ ထိုင်းနိုင်ငံ ဗုဒ္ဓကလျာဏယုဝအသင်း တရားစခန်း

၂၁–ဖေဖော်ဝါရီ ၄ ထိုင်းနိုင်ငံ ဓမ္မောဒယတရားစခန်း

ဖေဖော်ဝါရီ ၅ ဓမ္မောဒယကျောင်း စုပေါင်းအလှူ

ဖေဖော်ဝါရီ ၆ မလေးရှားနိုင်ငံ ကွာလာလမ္ပူသို့

ဖေဖော်ဝါရီ ၈–၂၂ ဆုဗန်ဂျယ တရားစခန်း

ဖေဖော်ဝါရီ ၂၃–၂၅ ကွာလာလမ္ပူ၌ နား

ဖေဖော်ဝါရီ ၂၆ ရန်ကုန်သို့

http://www.dhammadownload.com



## ချမ်းမြေ့ဆရာတော်၏ ၂၆ ကြိမ်မြောက်
## ခရစ်နှစ် ၂၀၀၁ ခုနှစ်၊ နွေရာသီ ဓမ္မခရီး

| | |
|---|---|
| မေ ၈ | တောင်ကိုရီးယားသို့ |
| မေ ၁၁–၃၁ | ကိုရီးယား တရားစခန်း |
| ဇွန် ၁–၅ | ကိုရီးယား၌ နား |
| ဇွန် ၆ | ဂျပန်သို့ |
| ဇွန် ၇–၂၀ | ဂျပန် |
| ဇွန် ၂၁ | နယူးဇီလန်သို့ |
| ဇွန် ၂၂–၂၃ | နယူးဇီလန်၌ နား |
| ဇွန် ၂၄–ဇူလိုင် ၁၅ | နယူးဇီလန် တရားစခန်း |
| ဇူလိုင် ၁၆–၂၀ | နယူးဇီလန်၌ နား |
| ဇူလိုင် ၂၁ | ရန်ကုန်သို့ |